# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၇၃)၊ ၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်၊ ၁၀-၂-၂၀၂၅၊ တနင်္လာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ဘုရား အစရှိသော ပညာရှိတို့သည် ဈာန်တရားကို လေ့လာပွားများကြ၍ ကိလေသာငြိမ်းရာ နိဗ္ဗာန်အာရုံ၌ မွေ့လျော်ကုန်၏။ သတိရှိတော်မူကြ၍ သစ္စာလေးပါး တရားကို ကောင်းစွာ သိတော်မူကုန်သော ထိုဘုရား အစရှိသည့် သူတော်ကောင်းတို့ကို နတ်တို့သည်လည်း ချစ်မြတ်နိုးကုန်၏။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းတို့ ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရရှိသူများ၊ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

## ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ရုပ်ရှင်တစ်သက်တာထူးချွန်ဆုများ ပေးအပ်ချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၉

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၁ (MICC-1)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ရုပ်ရှင်တစ်သက်တာထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။ စာမျက်နှာ ၄ သို့ ☆

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းမည်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

မိုး/ဓလ

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်၊ တနင်္လာနေ့။

မန္တလေး နေ့စဉ်

## မန္တလေးနန်းမြို့ရိုးအနောက်ဘက်တွင် စည်ရှည်တံတားဖွင့်လှစ်

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးနန်းမြို့ရိုးအနောက်ဘက်၊ စည်ရှည်တံခါးအနီး၌ ရှေးမူမပျက် အသစ်ပြန်လည်တည်ဆောက်ပြီးစီးခဲ့သည့် စည်ရှည်တံတားဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းတွင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းက စည်ရှည်တံတားတည်ဆောက်ခဲ့မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က စည်ရှည်တံတားဖွင့်ပွဲ အထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်သည်။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်နိုင်ဦးနှင့် မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းတို့က စည်ရှည်တံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တံတားကမ္ပည်းမော်ကွန်းကျောက်စာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး စည်ရှည်တံတားအား လှည့်လည်ကြည့်ရှုကြပြီး တိုင်းရင်းသားမောင်မယ်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မန္တလေးနန်းမြို့ရိုးအနောက်ဘက်ရှိ စည်ရှည်တံတားသည် မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ်တွင် မင်းတုန်းမင်းတရားကြီးလက်ထက်၌ မြနန်းစံကျော်ရွှေနန်းတော်နှင့်အတူ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဒုတိယကမ္ဘာစစ်ကာလအတွင်း စစ်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့ရကြောင်း။ စည်ရှည်တံတားသည် မန္တလေးနန်းမြို့ရိုး၏ အနောက်ဘက်ထွက်ပေါက် ပင်မတံတားတစ်စင်းဖြစ်ကြောင်း။ တံတားအား မူလပုံစံအတိုင်း ရှေးမူမပျက် တည်ဆောက်နိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစေရေးတို့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်ချက်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၈ ရက်တွင်ဖွင့်ပွဲအခမ်းအနားကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သည်။ မန္တလေးနန်းတော်ကြီး၏ လေးပြင်လေးရပ်တို့တွင် တစ်ဖက်လျှင်တံခါးပေါက်ကြီး ၃ ပေါက်စီဖြင့် တံခါးပေါက် ၁၂ ပေါက် တည်ဆောက်ထားပြီး ထို ၃ ပေါက်၏ အလယ်တံခါးကို ဓာတ်နာမ်များဖြင့် မှည့်ခေါ်သည်။ ယခုကဲ့သို့ အနောက်ဘက်အရပ်တွင် စည်ရှည်တံတားကြီးကို ပြန်လည်တည်ဆောက်ခြင်းအားဖြင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် မြနန်းစံကျော်ရွှေနန်းတော်ကြီး၏အင်္ဂါရပ်ကို ပြန်လည်၍ ပိုမိုပြည့်စုံစေမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ရိပ်သာဓမ္မာရုံ မီးအလင်းရရန် ဆိုလာပြား လှူဒါန်း



**စဉ့်ကိုင် ဖေဖော်ဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ထန်းသုံးပင်ကျေးရွာ၊ အရိယဝံသ မိုးကုတ်ဝိပဿနာရိပ်သာဓမ္မာရုံကြီးတွင် မီးအလင်းနှင့် တရားဘာဝနာများ အေးမြစွာ အားထုတ်နိုင်ရန် ဆိုလာပြားတစ်ချပ်အတွက် အလှူငွေလှူဒါန်းခြင်းကို အဆိုပါဓမ္မာရုံကြီးတွင် ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်နှစ်ဖက်မိဘများအား အမှူးထား၍ ဦးမြတ်သူအောင်+ဒေါ်ဝင်းရီ၊ (သား) မောင်ကောင်းဉာဏ်ခွဲ၊ (သမီး) မအိမ့်ပြည့်ဖြူ မိသားစုတို့က ရိပ်သာဓမ္မာရုံ မီးအလင်းရရန်နှင့် တရားဘာဝနာ အေးမြစွာ အားထုတ်နိုင်ရန်အတွက် ဆိုလာပြားတစ်ချပ်အတွက် အလှူငွေ ငွေကျပ်ငါးသိန်းကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက ပေးအပ်လှူဒါန်းရာ ရိပ်သာအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမောင်ထွေး(နေဇွန်ဝမ်းစတား တာယာရောင်းဝယ်ရေး)က လက်ခံရယူပြီး ကျေးဇူးတင်ဂုဏ်ပြုဝမ်းမြောက်စကား ပြန်လည်ပြောကြားကြောင်းသိရသည်။

(ဓဲပုံ)

(ဝ၅၃)

## ရေသယ်ယာဉ်ဝယ်ယူနိုင်ရန် အလှူငွေများ လှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၉**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာမြိုင်လူမှုကူညီရေးအသင်းရုံး၌ ရေသယ်ယာဉ်ဝယ်ယူနိုင်ရန်အတွက် ယနေ့ နံနက်ပိုင်းက အလှူငွေလှူဒါန်းပွဲ ကျင်းပသည်။

ရှေးဦးစွာ မဟာမြိုင်(၁)ရပ်ကွက်နေ ဦးအောင်သိန်းလှိုင်+ဒေါ်နန်းနီနီဝင်း(န-၇၊ ဖ+၇) မိသားစုက ငွေကျပ် ၁၀ သိန်း၊ ဦးစိုင်းရုံးရွှေ+ဒေါ်မိုးသန္တာအောင် (ရွှေသစ်ပင်ဟိုတယ်)မိသားစုက ငွေကျပ် ၁၀ သိန်း၊ ဦးမောင်ထွန်းညို+ဒေါ်လှလှမိုး မိသားစုက ငွေကျပ်ငါးသိန်း၊ ဦးနိုင်ဝင်း+ဒေါ်စန်းစန်းရီ မိသားစုက ငွေကျပ်ငါးသိန်း၊ မဟာမြိုင်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေမင်းဦး+ဒေါ်ယုယုဇော်မိသားစုက ငွေကျပ် ၁၅ သိန်းတို့ကို လှူဒါန်းကြရာ မဟာမြိုင်လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးသန်းထွန်းက လက်ခံရယူသည်။

မီးဘေးအန္တရာယ်ကျရောက်စဉ်တွင် မီးသတ်ယာဉ်များ ရေမပြတ်လပ်ရေးအတွက် မီးငြိမ်းသတ်ရာတွင် အထောက်အကူပြုနိုင်ရန်၊ နွေအခါရောက်သည်နှင့် ရပ်ကွက်အတွင်းနှင့် ဘုန်းကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ သောက်သုံးရေပြတ်လပ်သည့်နေရာဒေသများသို့ ကုသိုလ်ပြုရေလှူဒါန်းနိုင်ရန်အတွက် ရေသယ်ယာဉ်ဝယ်ယူရန်ငွေလှူဒါန်းလိုပါက ဦးသန်းထွန်း၊ မဟာမြိုင်လူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဖုန်း ၀၉-၂၀၃၇၂၄၀၊ ၀၉-၄၄၁၀၃၄၄၈၉နှင့် ၀၂-၂၈၄၇၁၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

(ဝ၄၀)

၀-၀-၀-၀-၀



## ဆေးဝါးတက္ကသိုလ်(မန္တလေး)၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပ



**အမရပူရ ဖေဖော်ဝါရီ ၉**

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့်(၇၈) နှစ်မြောက်ပြည်ထောင်စုနေ့ အကြိုအဖြစ် အမရပူရမြို့နယ်ရှိ ဆေးဝါးတက္ကသိုလ်(မန္တလေး)၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၂ နာရီက အဆိုပါတက္ကသိုလ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သည်။

မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲတွင် ပါမောက္ခချုပ်၊ပါမောက္ခ ဒေါက်တာ သိန်းမေစော(အငြိမ်းစား)က အဖွင့်ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဆေးဝါးတက္ကသိုလ်မှ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်ဆေးဝါးဖော်၊ တတိယနှစ်ပရဆေး၊ စတုတ္ထနှစ်နှင့် ရုံးဝန်ထမ်းများအသင်းတို့၏ယှဉ်ပြိုင်မှုကို ပါမောက္ခချုပ်၊ ပါမောက္ခဒေါက်တာ သိန်းမေစော (အငြိမ်းစား)နှင့် ဆေးတက္ကသိုလ်မန္တလေးမှ ပါမောက္ခချုပ်၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်များက ကြည့်ရှုအားပေးအမှတ်ပေးခဲ့ကြသည်။

ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရုံးဝန်ထမ်းများအသင်း၊ ဒုတိယဆုရရှိသည့် တတိယနှစ်ဆေးဝါးဖော်စပ်အသင်း၊ တတိယဆုရရှိသည့် တတိယနှစ်ပရဆေးအသင်းတို့အား ပါမောက္ခချုပ်၊ ပါမောက္ခဒေါက်တာ သိန်းမေစော(အငြိမ်းစား)နှင့်တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ယနေ့ ထမနဲထိုးပြိုင်ပွဲတွင် ဆရာ၊ ဆရာမ၊ ဝန်ထမ်း၈၀ ဦးနှင့်ကျောင်းသား၊ ကျောင်းသူ ၃၃၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဓဲပုံ)

**စိုးသီဟ(အမရ)**

၀-၀-၀-၀-၀

## သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံမှ လူသားချင်း စာနာထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသန်းဆွေနှင့် ဦးတင်ဦးလွင်တို့ တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘာတွင်ငြိမ်းချမ်းရေးရရှိရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်နေသည့် ပုဂ္ဂိုလ်ကြီးအနေဖြင့် ယခုကဲ့သို့မြန်မာနိုင်ငံသို့ ကိုယ်တိုင် လာရောက်ခဲ့မှုအတွက် ဝမ်းမြောက်ကြိုဆိုပါကြောင်း နှုတ်ခွန်းဆက်စကားပြောကြားပြီး အိန္ဒိယနိုင်ငံမှ လူသားချင်း စာနာထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီးက မြန်မာနိုင်ငံသို့လာရောက်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးနိုင်ရန် အတွက် ယခုကဲ့သို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးမှု အတွက်လည်း ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးချိန်မှ စတင်၍ ယနေ့ အချိန်အထိ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ လွတ်လပ်ရေးရရှိပြီးချိန်မှစတင်၍ ပြည်ပမှသွေးခွဲမှုများကြောင့် တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများ ပေါ်ပေါက်ခဲ့မှုနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများကို ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ၂၀၁၁ ခုနှစ်မှစတင်၍ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းခဲ့မှုနှင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ရမှုအခြေအနေများ၊ နိုင်ငံရေးသဘောထားကွဲလွဲမှုများကြောင့် ဖြစ်ပေါ်လာသည့် ဆူပူမှုများမှတစ်ဆင့် အကြမ်းဖက်လုပ်ရပ်များပေါ်ပေါက်လာမှု အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အိန္ဒိယနိုင်ငံမှ လူသားချင်း စာနာထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီးအနေဖြင့် ကမ္ဘာပေါ်ရှိနိုင်ငံများ၌ ငြိမ်းချမ်းရေးရရှိရန်အတွက် ကြားဝင်စေ့စပ် ကူညီဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးအတွက် ကူညီဆောင်ရွက်ပေးနိုင်မှု အခြေအနေများနှင့် မြန်မာနိုင်ငံအတွင်း လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေး သံတမန်ကြီးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဂုဏ်ထူးဆောင်ခန်းမအတွင်းရှိ သရုပ်ဖော်ပန်းချီများအား လိုက်လံပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar တို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဂုဏ်ထူးဆောင်ခန်းမအတွင်းရှိ သရုပ်ဖော်ပန်းချီများ လိုက်လံပြသစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုစိစစ်အကဲဖြတ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ စာပေနှင့် သတင်းနယ်ပယ်များမှ အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ရုပ်ရှင်၊ စာပေ၊ သဘင်၊ ဂီတ နယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် အနုပညာရှင်များ၊ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနားကျင်းပမည့် ကျောက်စိမ်းခန်းမ အဝင်လျှောက်လမ်း၌ ပြသထားသည့် ၁၉၅၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိခဲ့ကြသူများနှင့် ရုပ်ရှင်ဇာတ်ကားများ၊ ထူးချွန်ဆုရ အနုပညာရှင်များ၊ အတတ်ပညာရှင်များ၏ မှတ်တမ်းဓာတ်ပုံများပြသထားရှိမှုကို ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က ဒစ်ဂျစ်တယ်စက်ခလုတ်ခုံပေါ်တွင် အကယ်ဒမီကြယ်စင်ရုပ်ကို စိုက်ထူ၍ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "တိုးတက်အောင်မြင် မြန်မာ့ရုပ်ရှင်" တေးသီချင်းကို သရုပ်ဖော်ဖျော်ဖြေတင်ဆက်ကြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က ဂုဏ်ပြုစီစဉ်တင်ဆက်သည့် "ကြည်လင်သန့်စင် စီးမျောသက်ဝင် မြန်မာ့ရုပ်ရှင်" မှတ်တမ်း Video Clip ကို ပြသသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ၁၉၅၂ ခုနှစ်မှ စတင်ချီးမြှင့်လာခဲ့သည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားများသည် ယနေ့ဆိုပါက (၆၆)ကြိမ်မြောက် ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော်၊ ပြည်သူနှင့် အနုပညာရှင်များ၏ စုစည်းမှု၊ အေးချမ်းပျော်ရွှင်မှုများကို (၆၆)ကြိမ်မြောက် ဝေမျှဖော်ကျူးပေးနိုင်သည့် မင်္ဂလာအခမ်းအနားပင် ဖြစ်ကြောင်း၊ မြန်မာ့ရုပ်ရှင်ခေတ်ဦးကိုပြန်ကြည့်ပါက ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်လမ်းကိုယ်ဖောက်၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး အောင်မြင် တိုးတက်ခဲ့သည့် ဂုဏ်ယူဖွယ် သမိုင်းအထောက်အထားများနှင့် ဖြတ်သန်းလာခဲ့သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ၁၉၂၀ ပြည့်နှစ် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကာလကတည်းက ပေါ်ပေါက်ခဲ့သည့် မြန်မာ့ရုပ်ရှင်သမိုင်းသည် ယခုဆိုပါက နှစ်ပေါင်း ၁၀၅ နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း။

ထိုကဲ့သို့ နှစ် ၁၀၀ ကျော်ကာလ သမိုင်းမှတ်တမ်းများနှင့် လှုပ်ရှားသက်ဝင်နေသည့် မြန်မာ့ရုပ်ရှင်သည် ခေတ်စနစ်အမျိုးမျိုးကြား၌ ပြည်သူများကို အပန်းဖြေပျော်ရွှင်စေပြီး ရသမျိုးစုံကို မျှဝေပေးနိုင်ခဲ့ရုံသာမက နိုင်ငံတော်၏ အရေးပါသည့် အခန်းကဏ္ဍများ၊ နိုင်ငံ၏ပကတိအခြေအနေများကို အနုပညာဖြင့် ထင်ဟပ်ဖော်ပြ အကျိုးပြုနိုင်ခဲ့သည့်အတွက် နိုင်ငံနှင့်ပြည်သူအပေါ် တာဝန်ကျေခဲ့သည်ဟု ပြောရမည် ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ ☆



## ဖွင့်လှစ်ပေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒစ်ဂျစ်တယ်စက်ခလုတ်ခုံပေါ်တွင် အကယ်ဒမီကြယ်စင်ရုပ်ကိုစိုက်ထူ၍ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ ကျောက်စိမ်းခန်းမအဝင်လျှောက်လမ်း၌ ပြသထားသည့် ၁၉၅၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိခဲ့ကြသူများနှင့် ရုပ်ရှင်ဇာတ်ကားများ၊ ထူးချွန်ဆုရ အနုပညာရှင်များ၊ အတတ်ပညာရှင်များ၏ မှတ်တမ်းဓာတ်ပုံများပြသထားရှိမှုကို ကြည့်ရှုစဉ်။

☆ စာမျက်နှာ ၄ မှ

ရုပ်ရှင်အပါအဝင် အနုပညာရှင်များသည် လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် တိုင်းရင်းသားပြည်သူများ၏ စိတ်ဓာတ်ကို တိုင်းချစ်ပြည်ချစ်စိတ် ထက်သန်ရေး၊ ဝံသာနုရက္ခိတတရား ထွန်းကားရေး၊ ဇာတိသွေး ဇာတိမာန်တက်ကြွရေးနှင့် စည်းလုံးညီညွတ်ရေးတို့အတွက် မိမိတို့တတ်စွမ်းထားသည့်အနုပညာနှင့်စည်းရုံးလှုံ့ဆော်ပေးခဲ့ကြကြောင်း၊ လွတ်လပ်ရေးရပြီးနောက် ကာလတွင်လည်း ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အနုပညာစွမ်းအားဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြကြောင်း။

**တိုက်တွန်းမှာကြား**

ယင်းတို့သည် နိုင်ငံအတွက် အကျိုးပြုခဲ့သည့် သမိုင်းအစဉ်အလာကောင်း မှတ်တမ်းမော်ကွန်းများပင်ဖြစ်ကြောင်း၊ ယနေ့အခြေအနေတွင် ထိုကဲ့သို့အကျိုးပြုခဲ့သည့် အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ရှေးရှုဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေမည့် အကြောင်းတရားများအနက် ယဉ်ကျေးမှုကဏ္ဍသည် အရေးကြီးသည့် ကဏ္ဍတစ်ရပ်အဖြစ်ပါဝင်သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် မှီတင်းနေထိုင်ကြပြီး မတူကွဲပြားသည့် ယဉ်ကျေးမှုအမွေအနှစ် စုံစုံလင်လင် ရှင်သန်တည်ရှိနေကြကြောင်း၊ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုကို ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်နှင့် ဒြပ်ရှိယဉ်ကျေးမှု အမွေအနှစ်ဟူသည့် နယ်ပယ်နှစ်ခုနှင့် ခွဲခြားသိမြင်ထားကြကြောင်း၊ ခြုံ၍ အဓိပ္ပာယ်ဖွင့်ရမည်ဆိုပါက ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ဟူသည်မှာ လူမျိုးတစ်မျိုး၏ ပြောဆိုသည့် ဘာသာစကား၊ အတွေးအခေါ်၊ ဓလေ့စရိုက်၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ကိုးကွယ်ယုံကြည်မှုနှင့် ရိုးရာဓလေ့ထုံးစံများ၊ လက်မှုအနုပညာနှင့် အနုသုခုမပညာများကို ပေါင်းခြုံထားသည့် ယဉ်ကျေးမှုပင်ဖြစ်ပြီး ဒြပ်ရှိယဉ်ကျေးမှု အမွေအနှစ်သည် လူမျိုးတစ်မျိုး၏ ပြုလုပ်သုံးစွဲခဲ့သည့် ကိုင်တွယ်ထိတွေ့၍ရသည့် ပစ္စည်းအားလုံးဟု မှတ်ယူရမည်ဖြစ်ကြောင်း။

**စဉ်ဆက်မပြတ်**
**ကြိုးပမ်းလုပ်ဆောင်**

(၁၉)ကြိမ်မြောက် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ညီလာခံတွင် မိမိတို့နိုင်ငံ၏ မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံခဲ့ရကြောင်း၊ ဆက်လက်၍လည်း မြန်မာ့သနပ်ခါးကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် သတ်မှတ်ခံရနိုင်ရေးအတွက် ယူနက်စကိုကို တင်ပြရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မိမိတို့၏ တန်ဖိုးရှိသည့် ရှိပြီးသား အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို လူသားအားလုံးနှင့်သက်ဆိုင်သည့် ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များအဖြစ် သမိုင်းမှတ်တမ်းထားရှိနိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ အောင်မြင်မှုရရှိစေရေးအတွက်လည်း မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဖော်ဆောင်ပေးကြရန် အလေးအနက် တိုက်တွန်းပြောကြားလိုကြောင်း။

စာမျက်နှာ ၆ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရရှိသည့် မင်းသားကြီး ကြည်စိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရရှိသည့် အကယ်ဒမီ ဒါရိုက်တာမောင်နှင်းမိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရရှိသည့် ထပ်ဆင့်အကယ်ဒမီ ဝါဝါဝင်းရွှေအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရရှိသည့် ထပ်ဆင့်အကယ်ဒမီ ခင်သန်းနုအား ဆုပေးအပ်ချီးမြှင့်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

☆ စာမျက်နှာ ၅ မှ

တစ်ဆက်တည်း ပြောကြားလိုသည်မှာ အနုပညာတစ်ရပ်က ဆင့်ပွားပေးလိုက်သည့်အကြောင်းတရားများသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုတန်ဖိုးကို ပြသရာရောက်သည့်အတွက် ရုပ်ရှင်အနုပညာသည် အင်မတန်အရေးပါ အရာရောက်ကြောင်း၊ အနုပညာ၊ အတတ်ပညာနှင့် နည်းပညာများ ပေါင်းစပ်ပါဝင်နေသည့် ရုပ်ရှင်သည် ပြည်သူလူထု၏ ရင်ထဲနှလုံးသားထဲကို ညင်ညင်သာသာနှင့် ထိထိရောက်ရောက် ဩဇာလွှမ်းမိုးနိုင်သည့် သက်ရောက်မှု ကြီးမားသည့် မီဒီယာ Soft Power တစ်ခုဖြစ်ကြောင်း။



## ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု ရရှိကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ထို့ကြောင့် ရုပ်ရှင်အနုပညာနှင့် အသက်မွေးဝမ်းကျောင်းပြုနေကြသည့် ရုပ်ရှင်ထုတ်လုပ်သူများ၊ အတတ်ပညာရှင်များ၊ သရုပ်ဆောင်များအားလုံး၏ အခန်းကဏ္ဍသည်လည်း အလွန်အရေးပါသည်ဟု ပြောကြားလိုကြောင်း၊ ရုပ်ရှင်ဇာတ်ကားကောင်းတစ်ခု ဖြစ်ပေါ်လာရေးသည် တစ်ဦးတစ်ယောက်တည်း၏ လုပ်ဆောင်မှုဖြင့် မရကြောင်း၊ ဇာတ်ပို့၊ ဇာတ်ဆောင်၊ သရုပ်ဆောင်အမျိုးမျိုး၊ ဝတ္ထု၊ ဇာတ်လမ်း၊ ဇာတ်ညွှန်း၊ အသံ၊ ခါတ်ပုံ၊ တေးဂီတ၊ မီးအလင်းအမှောင်၊ အထူးပြုလုပ်သူ၊ မိတ်ကပ်ကအစ နောက်ဆုံးဒါရိုက်တာ၏ အဓိကဦးဆောင်မှုဖြင့် စုပေါင်းညီညာမှုသာ ဖြစ်လာခြင်းဖြစ်ပြီး စုပေါင်းအားကိုပေါ်လွင်နေကြောင်း၊ တစ်ဦးချင်း မည်မျှကောင်းသည်ဖြစ်စေ စုပေါင်းအား မပါပါက ဇာတ်ကားကောင်းတစ်ခု ဖြစ်မလာနိုင်ကြောင်း၊ ရုပ်ရှင်ဇာတ်ကားကောင်းတစ်ခုသည် ကြည့်ရှုသူကို ရင်ထဲစွဲကျန်စေသည်၊ ရိုက်ခတ်စေသည်၊ တသသဖြစ်စေသည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် မိမိတို့ခေတ်ကာလတွင် ပြသခဲ့သည့် ဘယ်သူပြိုင်လို့ လှပါတော့နိုင်၊ မှုံရွှေရည်၊ သကြံ့န်မိုးတို့ကဲ့သို့ ဇာတ်ကားမျိုးသည် မည်သည့်အချိန် ပြန်ကြည့်ရသည်ဖြစ်စေ မရိုးနိုင်အောင် စွဲမြဲနေသည့် ဇာတ်ကားမျိုး၊ အတုယူဖွယ်ရာ ဇာတ်ကားမျိုး၊ တသသဖြစ်နေရသည့် ဇာတ်ကားမျိုးများဖြစ်ကြောင်း၊ အခြားဇာတ်ကားကောင်းများစွာလည်း ရှိကြကြောင်း၊ ထိုကဲ့သို့ ပြည်သူ့ရင်ထဲစွဲမြဲပြီး အကျိုးပြုစေမည့် ဇာတ်ကားမျိုး ဖန်တီးပေးကြ စေလိုကြောင်း၊ မိမိတို့နိုင်ငံနှင့် လူမျိုးကို နိုင်ငံတကာက ပိုမိုသိရှိလာအောင်၊ ရင်းနှီးခင်မင်လာအောင်၊ အနုပညာနည်းလမ်းနှင့် ဖြန့်ဝေပေးနိုင်အောင်၊ နိုင်ငံတော်တည်ဆောက်ရေးတွင်လည်း ပြည်သူလူထု၏ အတွေးအခေါ်၊ အယူအဆများ မှန်ကန်လာစေရေးနှင့် နိုင်ငံအကျိုးအတွက် ပြည်သူတစ်ရပ်လုံး ပါဝင်လာအောင် နှိုးဆော်တိုက်တွန်းရာတွင် ထိရောက်သည့် အနုပညာစွမ်းပကားဖြင့် ဆောင်ရွက်ပေးကြစေလိုကြောင်း။

အားလုံးသိကြသည့် အတိုင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် **"ရှေ့သို့ချီမည့် ပန်းတိုင်ဆီ"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးကို ရှေးရှုပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိကြောင်း။

ကမ္ဘာကြီး၏ မျက်မှောက်အခြေအနေအရဖြစ်စေ၊ မိမိတို့နိုင်ငံ၏ ပကတိအခြေအနေအရဖြစ်စေ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် **ဒို့တာဝန် အရေးသုံးပါး**သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေး ရည်မှန်းချက်၊ အမျိုးသားရေး တာဝန်ဖြစ်သည်ကို နိုင်ငံသားအားလုံးက နားလည်လက်ခံကြရန် အထူးပင်လိုအပ်ကြောင်း၊ ယနေ့အချိန်တွင်နိုင်ငံတော်အစိုးရသည် ဒို့တာဝန် အရေးသုံးပါးကို အရင်းမူလထားပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည့်အတွက် မြန်မာနိုင်ငံသားအားလုံးက **စာမျက်နှာ ၇ သို့** ☆



အကောင်းဆုံး အမျိုးသားဝတ်စားဆင်ယင်မှု အကြီးတန်းဆု ရရှိသည့် အကယ်ဒမီများရှင် ရန်အောင် ဆုလက်ခံရယူစဉ်။



အကောင်းဆုံး အမျိုးသမီးဝတ်စားဆင်ယင်မှု အကြီးတန်းဆု ရရှိသည့် အကယ်ဒမီစိုးမိုးကြည် ဆုလက်ခံရယူစဉ်။

- ❖ **အနုပညာတစ်ရပ်က ဆင့်ပွားပေးလိုက်သည့် အကြောင်းတရားများသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုတန်ဖိုးကို ပြသရာရောက်သည့် အတွက် ရုပ်ရှင်အနုပညာသည် အင်မတန် အရေးပါအရာရောက်**
- ❖ **အနုပညာ၊ အတတ်ပညာနှင့် နည်းပညာများ ပေါင်းစပ်ပါဝင်နေသည့် ရုပ်ရှင်သည် ပြည်သူလူထု၏ ရင်ထဲနှလုံးသားထဲကို ညင်ညင်သာသာနှင့် ထိထိရောက်ရောက် ဩဇာလွှမ်းမိုးနိုင်သည့် သက်ရောက်မှု ကြီးမားသည့် မီဒီယာ Soft Power တစ်ခုဖြစ်**



အကောင်းဆုံး အမျိုးသားဝတ်စားဆင်ယင်မှုဆု ရရှိသည့် ထက်အောင်ရှိုင်း ဆုလက်ခံရယူစဉ်။



အကောင်းဆုံး အမျိုးသမီးဝတ်စားဆင်ယင်မှုဆု ရရှိသည့် နန်းဆုရတီစိုး ဆုလက်ခံရယူစဉ်။

☆ စာမျက်နှာ ၆ မှ

မြန်မာစိတ်မွေးပြီး "ငါတို့အားလုံးက မြန်မာ (We are Myanmar)" ဟူ သည့်စိတ်၊ တစ်သွေးတစ်သားတည်းဟူသည့် စည်းလုံးညီညွတ်သည့် အမျိုးသားရေးစိတ်ဓာတ်များဖြင့် နိုင်ငံတော်ကြီး အေးချမ်းသာယာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွလက်တွဲ အကောင်အထည်ဖော်ပေးကြရန် လိုအပ်ကြောင်း။

## အနုပညာဖန်တီးမှုများကို ဖော်ဆောင်

ယင်းနေရာတွင် သတိပြုရမည့် အချက်အနေဖြင့် ဘာသာရေး၊ အမျိုးသားယဉ်ကျေးမှုနှင့် စည်းလုံးညီညွတ်မှုပျက်ပြားစေပြီး လူငယ်လူရွယ်များကို အတွေးအခေါ် အယူအဆ မှားယွင်းအောင်၊ စိတ်ဓာတ်များဆုတ်ယုတ် ပျက်ပြားလာအောင် လှုံ့ဆော်သော လူမှုကွန်ရက်များနှင့် ကျင့်ဝတ်မဲ့ မီဒီယာများကတစ်ဆင့် လုပ်ဆောင် နေမှုများပင်ဖြစ်ကြောင်း၊ ယင်းတို့သည် နိုင်ငံအကျိုးပျက်စီးစေမည့် ကြံဆောင်မှုများဖြစ်သဖြင့် လျှော့နည်းပပျောက်အောင် ကာကွယ်စောင့်ရှောက်ကြရန် လိုအပ်ကြောင်း၊ **ရုပ်ရှင်သည် ပြည်သူ့အတွက်** ဆိုသည့်အတိုင်း ရုပ်ရှင်အနုပညာရှင်များကလည်း နိုင်ငံနှင့်လူမျိုး ကောင်းရာကောင်းကျိုးဖော်ဆောင်နိုင်မည့် နိုင်ငံ့အကျိုးပြု အနုပညာဖန်တီးမှုများကို ဖော်ဆောင်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရသည် စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို တိုးတက်ထုတ်လုပ်နိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်အတွက် အရေးကြီးသောကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်သည့် MSME ကဏ္ဍ တိုးတက်အောင် တိုက်တွန်းအားပေး အကောင်အထည်ဖော်လျက်ရှိကြောင်း၊ တိုင်းပြည်သာယာဝပြောစေရေး မြေကြီးကရွှေသီးအောင် လုပ်ကြရမည် ဖြစ်ကြောင်း၊ ပြည်တွင်း ကုန်ထုတ်လုပ်မှုများကိုလည်း အားပေးကြရမည်ဖြစ်ကြောင်း၊ မိမိတို့အလုပ်လုပ်မှ မြေကြီးက ရွှေသီးမည်ဖြစ်ကြောင်း၊ လတ်တလော၌ပင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲများကို နေပြည်တော် တပေါင်းကွင်းတွင် ယခုလ ၁၀ ရက်မှ ၁၄ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရည်မှန်းချက်များအောင်မြင်စေရေး အနုပညာရှင်များ၏ ပူးပေါင်းပါဝင်မှုအခန်းကဏ္ဍက ပိုမိုထိရောက်စေနိုင်သည်ဖြစ်သဖြင့် အနုပညာနယ်ပယ်အသီးသီးက တစ်ဖက်တစ်လမ်းကပေါင်းစပ်ပံ့ပိုးကူညီ ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြား လိုကြောင်း၊ ထူးချွန်သည့် အနုပညာရှင်လူငယ်များ ပေါ်ထွန်းလာခြင်းကိုလည်း ကြိုဆိုကြောင်း၊ လူငယ်များသည် အနာဂတ်အတွက်ဖြစ်ကြောင်း။ စာမျက်နှာ ၈ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နှောင်ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုရရှိသည့် အကယ်ဒမီ နေတိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။



တိမ်ပန်းချီဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုရရှိသည့် အကယ်ဒမီဝတ်မှုံရွှေရည် ဆုလက်ခံရယူစဉ်။



မီးဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသား ဇာတ်ပို့ဆုရရှိသည့် အေးချမ်းမောင် ဆုလက်ခံရယူစဉ်။



ဘိုးတော်ကင်းဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသမီး ဇာတ်ပို့ဆုရရှိသည့် ခြူးလေး ဆုလက်ခံရယူစဉ်။

- ☆ သတိပြုရမည့်အချက်အနေဖြင့် ဘာသာရေး၊ အမျိုးသားယဉ်ကျေးမှုနှင့် စည်းလုံးညီညွတ်မှုပျက်ပြားစေပြီး လူငယ်လူရွယ်များကို အတွေးအခေါ်အယူအဆ မှားယွင်းအောင်၊ စိတ်ဓာတ်များ ဆုတ်ယုတ်ပျက်ပြားလာအောင် လှုံ့ဆော်သော လူမှုကွန်ရက်များနှင့် ကျင့်ဝတ်မဲ့မီဒီယာများကတစ်ဆင့် လုပ်ဆောင်နေမှုများပင်ဖြစ်
- ☆ ယင်းတို့သည် နိုင်ငံအကျိုးပျက်စီးစေမည့် ကြံဆောင်မှုများဖြစ်သဖြင့် လျှော့နည်းပပျောက်အောင် ကာကွယ်စောင့်ရှောက်ကြရန်လိုအပ်
- ☆ ရုပ်ရှင်သည် ပြည်သူ့အတွက်ဆိုသည့်အတိုင်း ရုပ်ရှင်အနုပညာရှင်များကလည်း နိုင်ငံနှင့်လူမျိုး ကောင်းရာကောင်းကျိုးဖော်ဆောင်နိုင်မည့် နိုင်ငံ့အကျိုးပြု အနုပညာဖန်တီးမှုများကိုဖော်ဆောင်ပေး



ချစ်သူသာပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆုရရှိသည့် ကောင်းဇံ ဆုလက်ခံရယူစဉ်။



အိပ်မက်ကာရန်ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင် တေးဂီတဆုရရှိသည့် အကယ်ဒမီ မိရာမိုရ် ဆုလက်ခံရယူစဉ်။



မီးဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင် အသံဆုရရှိသည့် အောင်မျိုးမြတ်နှင့် ရဲဝင်း ဆုလက်ခံရယူစဉ်။



နှောင်ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင် တည်းဖြတ်ဆုရရှိသည့် အာကာကျော် ဆုလက်ခံရယူစဉ်။



တိမ်ပန်းချီဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင် ဇာတ်ညွှန်းဆုရရှိသည့် အေးသီရိကို ဆုလက်ခံရယူစဉ်။



ချစ်သူသာပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုရရှိသည့် Taurus V production မှ တာဝန်ရှိသူများ ဆုလက်ခံရယူစဉ်။

✫ စာမျက်နှာ ၇ မှ

မိမိအနေဖြင့် နှစ်စဉ်တိုက်တွန်းပြောကြားခဲ့သည့် စကားတစ်ခွန်းကို ယခုနှစ်တွင်လည်း ပြန်လည်တိုက်တွန်းပြောကြားလိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် စသည့်နယ်ပယ်ကဏ္ဍအသီးသီး၌ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဖြစ်သင့်ဖြစ်ထိုက်သည့် ကူညီပံ့ပိုးမှုများကို တတ်နိုင်သမျှ ပံ့ပိုးကူညီပေးလျက်ရှိကြောင်း၊ ဆက်လက်၍လည်း အားပေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ယခုနှစ်အတွက် ထူးချွန်ဆုရရှိသည့် အနုပညာရှင်များအနေဖြင့် အနုပညာလုပ်ငန်းများကို ဆက်လက် အောင်မြင်တိုးတက်စေရေးအတွက် အင်အားများပိုမိုရရှိစေပြီး မိမိတို့၏အနုပညာအလုပ်များကို ပိုမိုအားထုတ်ကြိုးပမ်းသွားကြမည်ဟု ယုံကြည်မျှော်လင့်ကြောင်း။

အလားတူ ထူးချွန်ဆုမရရှိသေးသည့် အနုပညာရှင်များအနေဖြင့်လည်း လာမည့်နှစ်ကာလများတွင် မိမိတို့၏ အနုပညာစွမ်းပကားများကိုမြှင့်တင်ပြီး ထူးချွန်ဆုများရရှိအောင် ကြိုးစားကြရန်တိုက်တွန်းလိုကြောင်း၊ အထူးမေတ္တာရပ်ခံလိုသည်မှာ မြန်မာ့ဓလေ့စရိုက်များ မမှေးမှိန်၊ မပျောက်ပျက်စေရေး၊ တိုင်းတစ်ပါးယဉ်ကျေးမှုဓလေ့စရိုက် လွှမ်းမိုးလာမှုကို ကာကွယ် တားဆီးပေးကြရန်၊ မိမိတို့ယဉ်ကျေးမှုများကိုအရိုးပေါ် အရွက်မဖုံးစေရန်နှင့် ပြောင်းလဲလာနေသည့် ခေတ်ရေစီးကြောင်းပေါ်တွင် လိုက်လျောညီထွေစွာလိုက်ပါပြီး နိုင်ငံနှင့် လူမျိုးအကျိုးအတွက် မိမိတို့တတ်ကျွမ်းသည့် အနုပညာကို အခြေတည်ပြီး အမျိုးသားရေး စိတ်ဓာတ်ဖြင့် အကျိုးရှိအောင် ဖော်ဆောင်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ အကယ်ဒမီများရှင် ဦးကြည်စိုးထွန်းက ဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် အခမ်းအနားမှူးက ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ပါဝင်ကူညီပေးကြသည့် ရွှေကြိုမောင်/မယ်များကို တစ်ဦးချင်း မိတ်ဆက်ပေးပြီး အနုပညာရှင်များက ကမ္ဘာ့အမွေအနှစ်စာရင်းဝင် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို ဂုဏ်ပြုသည့်အနေဖြင့် "သင်္ကြန်ပွဲဆင် တို့ရုပ်ရှင်" အစီအစဉ်ဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် တစ်သက်တာဆု ရရှိကြသူများကို ဖွင့်ဖောက်ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် အနုပညာရှင်၊ အတတ်ပညာရှင်များအပါအဝင် ရုပ်ရှင်လောကသားအားလုံးက လှိုက်လှဲဂုဏ်ယူစွာ ချီးမြှင့်သည့် ရုပ်ရှင်တစ်သက်တာ ထူးချွန်ဆု ရရှိကြသော မင်းသားကြီး ဦးကြည်စိုး၊ အကယ်ဒမီ ဒါရိုက်တာ မောင်နှင်းမိုး၊ ထပ်ဆင့်အကယ်ဒမီ ဝါဝါဝင်းရွှေ၊ ထပ်ဆင့်အကယ်ဒမီ ခင်သန်းနုတို့အား ဆုများ ပေးအပ်ချီးမြှင့်ကြပြီး မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ကြသည်။ စာမျက်နှာ ၉ သို့ ✫

✧ **အထူးမေတ္တာရပ်ခံလိုသည်မှာ မြန်မာ့ဓလေ့စရိုက်များ မမှေးမှိန်၊ မပျောက်ပျက်စေရေး၊ တိုင်းတစ်ပါးယဉ်ကျေးမှုဓလေ့စရိုက် လွှမ်းမိုးလာမှုကို ကာကွယ်တားဆီးပေးကြရန်၊ မိမိတို့ယဉ်ကျေးမှုများကို အရိုးပေါ် အရွက်မဖုံးစေရန်နှင့် ပြောင်းလဲလာနေသည့် ခေတ်ရေစီးကြောင်းပေါ်တွင် လိုက်လျောညီထွေစွာ လိုက်ပါပြီး နိုင်ငံနှင့် လူမျိုးအကျိုးအတွက် မိမိတို့ တတ်ကျွမ်းသည့် အနုပညာကို အခြေတည်ပြီး အမျိုးသားရေး စိတ်ဓာတ်ဖြင့် အကျိုးရှိအောင် ဖော်ဆောင်ပေး**



မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ အကယ်ဒမီများရှင် ဦးကြည်စိုးထွန်း ဝမ်းမြောက်စကားပြောကြားစဉ်။



နှောင်ဇာတ်ကားဖြင့် ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် အထူးဆု ရရှိသည့် မိတ်ကပ်ပညာရှင် လုံလုံ(လက်ာဒီပ) ဆုလက်ခံရယူစဉ်။



အိပ်မက်ကာရန်ဇာတ်ကားဖြင့် အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာ ဆုရရှိသည့် အကယ်ဒမီ ဝင်းလွင်ထက် ဆုလက်ခံရယူစဉ်။

☆ စာမျက်နှာ ၈ မှ

ယင်းနောက် ရုပ်ရှင်တစ်သက်တာထူးချွန်ဆု ရရှိကြသည့် အနုပညာရှင်များက ဝမ်းမြောက်ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ၂၀၂၄ ခုနှစ်အတွက် ရုပ်ရှင်အတတ်ပညာဆုနှင့် ရုပ်ရှင်အနုပညာဆုများကို ဖွင့်ဖောက်ကြေညာရာ အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆုကို "ချစ်သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်"ဇာတ်ကားဖြင့် ကောင်းဇံ၊ အကောင်းဆုံး ရုပ်ရှင်တေးဂီတဆုကို "အိပ်မက်ကာရန်" ဇာတ်ကားဖြင့် အကယ်ဒမီ မိရာမိုရ်၊ အကောင်းဆုံး ရုပ်ရှင်အသံဆုကို "မီး" ဇာတ်ကားဖြင့် အောင်မျိုးမြတ်နှင့် ရဲဝင်း၊ အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆုကို "နှောင်" ဇာတ်ကားဖြင့် အာကာကျော်၊ အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆုကို "တိမ်ပန်းချီ" ဇာတ်ကားဖြင့် အေးသီရိကို၊ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုကို "ချစ်သူသာပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်" ဇာတ်ကားဖြင့် Taurus V production၊ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် အထူးဆုအဖြစ် "နှောင်" ဇာတ်ကားဖြင့် မိတ်ကပ်ပညာရှင် လုံလုံ (လက်ာဒီပ) တို့က ရရှိကြသည်။

ထူးချွန်ဆု ရရှိကြသူများကို ဝါရင့်အကယ်ဒမီဆုများရှင် အနုပညာရှင်ကြီးများက အကယ်ဒမီ ရွှေစင်ရုပ်တုများ ပေးအပ်ချီးမြှင့်ကြပြီး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိသူများက ကျေးဇူးတင်စကား ပြောကြားကြသည်။

ယင်းနောက် ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် အနုပညာရှင်များထဲမှ ရွေးချယ်ပေးအပ်သောအကောင်းဆုံးဝတ်စားဆင်ယင်မှုဆုများ (Myanmar Academy Fashion Awards)ကို ပေးအပ်ချီးမြှင့်ရာ အကောင်းဆုံး အမျိုးသား ဝတ်စားဆင်ယင်မှု အကြီးတန်းဆုကို အကယ်ဒမီများရှင် ရန်အောင်၊ အကောင်းဆုံး အမျိုးသမီး ဝတ်စားဆင်ယင်မှု အကြီးတန်းဆုကို အကယ်ဒမီ စိုးမိုးကြည်၊ အကောင်းဆုံး အမျိုးသား ဝတ်စားဆင်ယင်မှုဆုကို ထက်အောင်ရှိန်း၊ အကောင်းဆုံး အမျိုးသမီး ဝတ်စားဆင်ယင်မှုဆုကို နန်းဆုရတီစိုး တို့ကရရှိကြပြီး အကယ်ဒမီများရှင်ဆွေဇင်ထိုက်က ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ်အတွက် ရုပ်ရှင်အတတ်ပညာဆုနှင့် ရုပ်ရှင်အနုပညာဆုများကို ဖွင့်ဖောက်ကြေညာရာ အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုကို "အိပ်မက်ကာရန်" ဇာတ်ကားဖြင့် အကယ်ဒမီ ဝင်းလွင်ထက်၊ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို "ဘိုးတော်ကင်း" ဇာတ်ကားဖြင့် ခြူးလေး၊ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုကို "မီး" ဇာတ်ကားဖြင့် အေးချမ်းမောင်၊ အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆုကို "တိမ်ပန်းချီ" ဇာတ်ကားဖြင့် အကယ်ဒမီ ဝတ်မှုံရွှေရည်၊ အကောင်းဆုံး အမျိုးသား ဇာတ်ဆောင်ဆုကို "နှောင်" ဇာတ်ကားဖြင့် အကယ်ဒမီနေတိုးတို့က ရရှိကြသည်။

ထူးချွန်ဆု ရရှိကြသူများကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဝါရင့်အကယ်ဒမီဆုများရှင် အနုပညာရှင်ကြီးများက အကယ်ဒမီ ရွှေစင်ရုပ်တုများ ပေးအပ်ချီးမြှင့်ကြပြီး မြန်မာ့ရုပ်ရှင် ထူးချွန်ဆုရရှိသူများက ကျေးဇူးတင်စကား ပြောကြားကြသည်။

မြန်မာ့ရုပ်ရှင် ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနား ကျင်းပစဉ်အတွင်း အနုပညာရှင်များက တေးသီချင်းများ၊ အကအလှများဖြင့် အလှည့်ကျဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းတို့သည် ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုရရှိသူများ နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ရုပ်ရှင်၊ စာပေ၊ သဘင်၊ ဂီတ နယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် အနုပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

၁၉၂၀ ပြည့်နှစ်မှ စတင်ခဲ့သည့် မြန်မာ့ရုပ်ရှင်သည် အခုဆိုလျှင် နှစ်ပေါင်း (၁၀၅) နှစ်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ မြန်မာ့ရုပ်ရှင် အဆင့်အတန်း မြင့်မားရေးကို ရေးရှု၍ ၁၉၅၂ ခုနှစ်မှ စတင်ပြီး မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့သည် မြန်မာ့ရုပ်ရှင်လောကသား ထူးချွန်ထက်မြက်သည့် အနုပညာရှင် အတတ်ပညာရှင်များကို ရွေးချယ်ကာ ထူးချွန်ဆု ချီးမြှင့်ခဲ့သည်မှာ ယနေ့ကျင်းပသည့် ၂၀၂၄ ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲသည် (၇၃) နှစ်အတွင်းတွင် (၆၆) ကြိမ်မြောက် ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် အနုပညာရှင်များက တေးသီချင်းများ၊ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်စဉ်။

## ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် တစ်သက်တာထူးချွန်ဆုရရှိသူများ

| စဉ် | ဆုရရှိသူ |
|---|---|
| ၁။ | မင်းသားကြီး ကြည်စိုး |
| ၂။ | ထပ်ဆင့်အကယ်ဒမီ ဝါဝါဝင်းရွှေ |
| ၃။ | အကယ်ဒမီ ဒါရိုက်တာ မောင်နှင်းမိုး |
| ၄။ | ထပ်ဆင့်အကယ်ဒမီ ခင်သန်းနု |

## ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများ

| စဉ် | ဆုအမျိုးအစား | ဆုရရှိသူ | ဇာတ်ကားအမည် |
|---|---|---|---|
| ၁။ | အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆု | ကောင်းဇံ | ချစ်သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် |
| ၂။ | အကောင်းဆုံး ရုပ်ရှင်တေးဂီတဆု | မိရာမိုရ် | အိပ်မက်ကာရန် |
| ၃။ | အကောင်းဆုံး ရုပ်ရှင်အသံဆု | အောင်မျိုးမြတ်/ရဲဝင်း | မီး |
| ၄။ | အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆု | အာကာကျော် | နှောင် |
| ၅။ | အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆု | အေးသီရိကို | တိမ်ပန်းချီ |
| ၆။ | အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆု | Taurus V ရုပ်ရှင်ထုတ်လုပ်ရေး | ချစ်သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် |
| ၇။ | မိတ်ကပ် အထူးဆု | လုံလုံ(လက်ာဒီပ) | နှောင် |
| ၈။ | အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆု | ဝင်းလွင်ထက် | အိပ်မက်ကာရန် |
| ၉။ | အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု | ခြူးလေး | ဘိုးတော်ကင်း |
| ၁၀။ | အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆု | အေးချမ်းမောင် | မီး |
| ၁၁။ | အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု | ဝတ်မှုံရွှေရည် | တိမ်ပန်းချီ |
| ၁၂။ | အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု | နေတိုး | နှောင် |

# အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ရှိ အထင်ကရနေရာများ ကြည့်ရှုလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၉

ရန်ကုန်မြို့၌ ရောက်ရှိနေသည့် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် ဧည့်သည်တော်နှင့်အဖွဲ့သည် ကျောက်မျက်ရတနာပြတိုက်သို့ ရောက်ရှိကြရာ ပြတိုက်တာဝန်ရှိသူများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်း တစ်တုံးတည်းမှ ထွင်းထုထားသော ဥပ္ပါတသန္တိ ပုံစံတူ ကျောက်စိမ်းစေတီတော်၊ မြန်မာ့အကြီးဆုံး ပုလဲရတနာ၊ အရည်အသွေးမြင့် ကျောက်စိမ်းတုံးများ၊ ရှားပါးမြန်မာ့တွင်းထွက်ရတနာများဖြစ်သည့် ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာများကို လိုက်လံရှင်းလင်းပြသကြပြီး ငြိမ်းချမ်းရေးသံတမန်ကြီးက ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

### ဗီဒီယိုမှတ်တမ်းပြသ

ထို့နောက် ဧည့်သည်တော်နှင့်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော် ဝတ္တုကံတော်အတွင်း တည်ထားပူဇော်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြရာ တာဝန်ရှိသူများက မော်ကွန်းတိုက်၌ မာရဝိဇယ ဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။



အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

ယင်းနောက် ဧည့်သည်တော်နှင့်အဖွဲ့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူဖူးမြော်ကြည်ညိုကြပြီး ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသော အဂ္ဂမိပတိ သာသနာ့ဗိမာန်တော်ကြီးနှင့် အဋ္ဌကထာဋီကာ ကျမ်းစာများကို စကျင်ကျောက်များပေါ်၌ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ထွင်းထုတည်ဆောက်ထားသည့် ကျောက်စာရုံစေတီတော်များကို စိတ်ဝင်တစား လေ့လာဖူးမြော်ကြည်ညိုကြသည်။

### ဆင်ဖြူတော်များကို အာဟာရဖြည့်စွက်စာများ ကျွေးမွေး

ဆက်လက်၍ ဧည့်သည်တော်နှင့်အဖွဲ့သည် နေပြည်တော်ရှိ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း ကပ်လှူပူဇော်၍ အလှူငွေများ လှူဒါန်းကြကာ ရတနာဆင်ဖြူတော်အဆောင်ရှိ ဆင်ဖြူတော်များကို အာဟာရဖြည့်စွက်စာများ ကျွေးမွေးခဲ့ကြသည်။

ညပိုင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား M Gallery Hotel ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းရာ ဧည့်ခံပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်



အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရတနာဆင်ဖြူတော်အဆောင်ရှိ ဆင်ဖြူတော်များကို အာဟာရဖြည့်စွက်စာများ ကျွေးမွေးစဉ်။



အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။






## မာတင်နယ်လီ ဒဏ်ရာကြောင့် နှစ်လနီးပါးခန့် အနားယူရဖွယ်ရှိ

**လန်ဒန် ဖေဖော်ဝါရီ ၉**

အာဆင်နယ်အသင်း တိုက်စစ်မှူး မာတင်နယ်လီ ကြွက်သားဒဏ်ရာကြောင့် နှစ်လနီးပါးခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ တိုက်စစ်မှူးသည် အာဆင်နယ်အသင်းက နယူးကာဆယ် အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး မာတင်နယ်လီ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အာဆင်နယ်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ တိုက်စစ်မှူး မာတင်နယ်လီသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၀၉ပွဲ ကစားကာ ၄၈ဂိုးထိ သွင်းယူပြီး ခြေစွမ်းပြထားသည်။

(အပေါ်ပုံ)

(NGB)

## မန်ချက်စတာယူနိုက်တက်အသင်းမှ ပေးအပ်သည့် တစ်လတာအကောင်းဆုံးကစားသမားဆုကို အာမက်ဒီယာလို ဆွတ်ခူး

**မန်ချက်စတာ ဖေဖော်ဝါရီ ၉**




မန်ချက်စတာယူနိုက်တက်အသင်းမှ လစဉ်လတိုင်းပေးအပ်ချီးမြှင့်လျက်ရှိသည့် ဇန်နဝါရီလအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုကို တောင်ပံကစားသမား အာမက်ဒီယာလိုက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။ (ယာပုံ)

အဆိုပါ တောင်ပံကစားသမားသည် ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၇ပွဲကစားပြီး ၄ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယခုဆုကိုဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား အာမက်ဒီယာလိုသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၆ပွဲကစားပြီး ၉ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၂)နှစ်အရွယ်ရှိ အာမက်ဒီယာလိုက "ကျွန်တော်အခုလို အသင်းမှပေးအပ်သည့် တစ်လတာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေနဲ့ အသင်းအောင်မြင်မှုများရရှိဖို့ ဆက်လက်ကြိုးပမ်းသွားမှာပါ"ဟု ပြောသည်။ (NGB)

## ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ဘွန်ဒက်လီဂါချန်ပီယံဆု ရယူသွားမည်ဟု ဂိုးသမား နျူအာ ပြောကြား

**မြူးနစ် ဖေဖော်ဝါရီ ၉**

ဘိုင်ယန်မြူးနစ်အသင်း ဂိုးသမား နျူအာက မိမိအနေဖြင့် အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီ ဘွန်ဒက်လီဂါချန်ပီယံဆုကြီး ရယူသွားမည်ဟု ပြောကြားခဲ့သည်။

အဆိုပါ ဂိုးသမားသည် ပြီးခဲ့သည့် ရက်ပိုင်းအတွင်းကလည်း ဘိုင်ယန်မြူးနစ်အသင်းနှင့် တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုထားသည်။

ဂိုးသမား နျူအာသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၁၁-၂၀၁၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၄၈ ပွဲ ကစားပြီး အကောင်းဆုံး လက်စွမ်းပြထားသည်။

အသက်(၃၈)နှစ်အရွယ်ရှိ ဂိုးသမား နျူအာက "ယခုနှစ်ဘောလုံးရာသီ ဘွန်ဒက်လီဂါချန်ပီယံဆုကြီး ရယူသွားမှာပါ။ ကျွန်တော်တို့အသင်းက အဆင့် ၁ နေရာမှာရပ်တည်ပြီး ချန်ပီယံဆုရရန်လည်း ရေပန်းစားနေပါတယ်။ ကျွန်တော့်အနေနဲ့လည်း ကစားသမားဘဝကို ဒီအသင်းမှာ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။ (အောက်ပုံ)

(NGB)



## မာတေတာအား ခေါ်ယူရန် ဘာစီလိုနာအသင်း စိတ်ဝင်စား

**ဘာစီလိုနာ ဖေဖော်ဝါရီ ၉**

ဘာစီလိုနာအသင်းသည် ခရစ္စတယ်ပဲလေ့စ်အသင်း တိုက်စစ်မှူး မာတေတာအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၈ပွဲကစားပြီး ၃၉ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ခရစ္စတယ်ပဲလေ့စ်အသင်းကလည်း မာတေတာအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ဘာစီလိုနာအသင်းအနေဖြင့် ခရစ္စတယ်ပဲလေ့စ်အသင်းထံမှ မာတေတာအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(ဝဲပုံ)

(NGB)




## နည်းပြ လူးဝစ်အန်နရီကေး ပီအက်စ်ဂျီအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**ပါရီ ဖေဖော်ဝါရီ ၉**

ပီအက်စ်ဂျီအသင်းသည် အသင်းနည်းပြ လူးဝစ်အန်နရီကေးအား ၂၀၂၇ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ (အောက်ပုံ)

အဆိုပါနည်းပြသည် ပီအက်စ်ဂျီ အသင်းအား ၂၀၂၃ခုနှစ် ဇူလိုင် ၅ရက်က စတင်ကိုင်တွယ် ပြီး ပြိုင်ပွဲ ၈၅ပွဲတွင် ၅၆ပွဲနိုင်၊ ၁၉ပွဲသရေ၊ ၁၀ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားပြီး ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။



အသက်(၅၄)နှစ်အရွယ်ရှိ "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခွင့်ရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ဒီအသင်းကို အောင်မြင်မှုတွေရရှိအောင်လည်း အစွမ်းကုန်ကြိုးစားပေးသွားမှာပါ"ဟု ပြောသည်။

ပီအက်စ်ဂျီအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပြင်သစ်လီဂူးပွဲစဉ် ၂၁ပွဲကစားအပြီးတွင် ရမှတ် ၅၃မှတ်ဖြင့် အဆင့် ၁နေရာတွင် ရပ်တည်လျက်ရှိသည်။

(NGB)

## 2025 ABN Amro Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Carlos Alcaraz တက်ရောက်

**လန်ဒန် ဖေဖော်ဝါရီ ၉**

နယ်သာလန်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 ABN Amro Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ စပိန်တင်းနစ်ကစားသမား Carlos Alcaraz တက်ရောက်ခဲ့သည်။

အဆိုပါ စပိန်တင်းနစ်ကစားသမား Carlos Alcaraz သည် 2025 ABN Amro Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပိုလန်တင်းနစ် ကစားသမား Hubert Hurkacz အား ၆-၄၊ ၆-၇၊ ၆-၃ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 ABN Amro Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် စပိန်တင်းနစ်ကစားသမား Carlos Alcaraz နှင့် ဩစတြေးလျတင်းနစ်ကစားသမား Alex De Minaur တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(ယာပုံ)

(NGB)




### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၃)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၁-၂-၂၀၂၅ | (၉)မာယော့ကာ - အိုဆာဆူနာ(၈) | မာယော့ကာ ၃-၂ အိုဆာဆူနာ | မာယော့ကာ(အိမ်) | ၁၁ | ၄ | ၃ | ၄ | ၉ | ၁၂ |
| နံနက် ၀၂:၃၀ နာရီ | (အိုဆာဆူနာ ၁-၀ မာယော့ကာ) | အိုဆာဆူနာ ၁-၁ မာယော့ကာ | အိုဆာဆူနာ(ဧည့်) | ၁၀ | ၁ | ၅ | ၄ | ၆ | ၁၅ |

### ၂၀၂၄-၂၀၂၅ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၉) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၀-၂-၂၀၂၅<br>တနင်္လာနေ့ | ညနေ ၄:၀၀ နာရီ<br>(သုဝဏ္ဏကွင်း) | (၄)ဒဂုံစတား - မဟာ(၆)<br>(မဟာ ၀-၃ ဒဂုံစတား) | ဒဂုံစတား ၄-၀ မဟာ<br>မဟာ ၀-၀ ဒဂုံစတား |

### အင်္ဂလိပ် အက်ဖ်အေဖလား (စတုတ္ထအဆင့်)ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် / (အမှတ်ပေးပွဲရလဒ်) | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|
| ၁၁-၂-၂၀၂၅<br>အင်္ဂါနေ့ | နံနက် ၀၂:၁၅နာရီ | ဒွန်ကတ်စတာ(လိဂ်II-၂) - ပဲလေ့စ်(ပရီးမီးယား-၁၂) | ဒွန်ကတ်စတာ ၀-၂ ပဲလေ့စ် |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၄)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၁-၂-၂၀၂၅ | (၂)အင်တာမီလန် - ဖီအိုရင်တီးနား(၆) | အင်တာမီလန် ၄-၀ ဖီအိုရင်တီးနား | အင်တာမီလန်(အိမ်) | ၁၁ | ၇ | ၃ | ၁ | ၂၆ | ၁၃ |
| နံနက်၀၂:၁၅နာရီ | (ဖီအိုရင်တီးနား ၀-၁ အင်တာမီလန်) | ဖီအိုရင်တီးနား ၀-၁ အင်တာမီလန် | ဖီအိုရင်တီးနား(ဧည့်) | ၁၁ | ၅ | ၃ | ၃ | ၁၈ | ၁၀ |

# သီလရှင်ဆရာလေးများအား အပတ်စဉ် အဝေးဖိတ်၊ အနီးဖိတ်တို့တွင် ဆွမ်း၊ ဆွမ်းဟင်းများ ဆက်ကပ်နိုင်ရန် လှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၉**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ မဟာသကျသီဟဘုရားအတွင်းရှိ မဟာဗောဓိ ဝေယျာဝစ္စအဖွဲ့မှ သီလရှင်ဆရာလေးများအား အပတ်စဉ် အဝေးဖိတ်၊ အနီးဖိတ်တို့တွင် ဆွမ်း၊ ဆွမ်းဟင်းများ ဆက်ကပ်လှူဒါန်းရာသို့ အလှူငွေ ပေးအပ်လှူဒါန်းခြင်းကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။



ရှေးဦးစွာ အလှူရှင် ဦးအောင်သန်း(မြန်မာစာ ဌာနမှူး)မိသားစုက ကွယ်လွန်သူမိဘများနှင့် ဇနီး ဒေါ်သန်းအေးအား ရည်စူး၍ ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလမှ ဖွန်လအထိ တစ်လလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ခြောက်လအတွက် ငွေကျပ်ခြောက်သိန်းကို လှူဒါန်းရာ အလှူရှင်မိသားစုကိုယ်စား ဒေါ်အမာ(နေဖွန် ဝမ်းစတား တာယာရောင်းဝယ်ရေး)က ပေးအပ်လှူဒါန်းသည်။

အဆိုပါ လှူဒါန်းမှုအတွက် မဟာဗောဓိဝေယျာဝစ္စအဖွဲ့မှ ဦးဆောင်သူ ဒေါ်ဝင်းကြည်နှင့် အလုပ်အမှုဆောင်အဖွဲ့က လက်ခံရယူကြပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

(ဝဲပုံ) PNT

# ကျောက်ဆည်မြို့နယ်တွင် နွေစပါးစံပြကွက် စိုက်ပျိုးမည့်တောင်သူများအား မျိုးစေ့နှင့်ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်

**ကျောက်ဆည် ဖေဖော်ဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်တွင် တောင်သူများ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မျိုးစပါး ဖူလုံပိုလျှံစေရေး ယမန်နေ့ နံနက် ၁၀ နာရီက နွေစပါး စံပြကွက်စိုက်ပျိုးမည့် တောင်သူများအား မျိုးစပါးမျိုးစေ့နှင့် ဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးချစ်ဆွေဦးက နိုင်ငံတွင် ကျေးလက်နေလူဦးရေ ၇၀ ရာခိုင်နှုန်း ကျော်ရှိသည့်အတွက် စိုက်ပျိုးရေးကဏ္ဍသည် အဓိကကျပြီး စိုက်ပျိုးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများဖြင့် အရင်းမပျောက်မ,တည်ထုထောင်၍ တောင်သူများအား ထောက်ပံ့ပေးခြင်း၊ ဓာတ်မြေဩဇာများကို စက်ရုံထုတ်ဈေးဖြင့် ဖြန့်ဖြူးပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များမှလည်း မျိုး၊ မြေ၊ ရေ၊ နည်းပညာနှင့် လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အတွက် တောင်သူများအနေဖြင့် သီးနှံစိုက်ဧကများ ပြည့်မီရေး၊ တစ်ဧကပန်းတိုင်အထွက်နှုန်း ရရှိရေးနှင့် သီးထပ်၊ သီးညှပ် စိုက်ပျိုးခြင်းများ ပိုမိုစိုက်ပျိုးရေးတို့ ဆောင်ရွက်သွားကြရန် အမှာစကား ပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်အောင်က ကျောက်ဆည်ခရိုင်အနေဖြင့် နွေစပါး ၄၅၉၁၀ ဧက စိုက်ပျိုးရန် လျာထားခဲ့ပြီး ကျောက်ဆည်မြို့နယ်တွင် ၁၉၉၈၀ ဧက စိုက်ပျိုးရန် လျာထားခဲ့ကြောင်း၊ လျာထားစိုက်ဧကများ ပြည့်မီစေရေး မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့မှ ကျေးရွာများ အရောက် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း၊ မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ ရေကိုအကျိုးရှိစွာ စနစ်တကျ အကျိုးရှိစွာ အသုံးချတတ်စေရေး၊ မြေလွတ်၊ မြေလပ်များမကျန် စိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာဌာနဆိုင်များနှင့် ပူးပေါင်း၍ ဆောင်ရွက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး အစိုးရအကူအညီဖြင့် ဖြန့်ဖြူးထောက်ပံ့ပေးသည့် နွေစပါးစံပြကွက် စိုက်ပျိုးမည့် အင်တိုင်းကျေးရွာအုပ်စုနှင့် ပတ္တာကျေးရွာအုပ်စုရှိ နွေစပါး ဧက ၂၀၀ စိုက်ပျိုးမည့် တောင်သူများအား တစ်ဧက တင်း ၁၅၀ မှ ၁၇၀ ထွက်ရှိနိုင်သည့် GW-11 မျိုးများနှင့် ဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းမွန်သည့် ယူရီးယားဓာတ်မြေဩဇာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (၄၈၅)**




# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အမျိုးသားဖူဆယ် ဘောလုံးပြိုင်ပွဲ ကျင်းပ



**ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ် အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲကို ယမန်နေ့ ညနေ ၄ နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများအား မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားမှူး ဦးကျော်ဇင်ဖြိုးက အားကစားသမားအချင်းချင်း ရိုင်းပင်းကူညီပြီး အားကစားသမားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်ကစားသွားကြရန်နှင့် ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများအား ပြောကြားခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ဆင်ပေါင်ဝဲမြို့နယ်ရှိ ရပ်ကွက်မှ ဘောလုံးဝါသနာရှင်များစုပေါင်း၍ ဘောလုံးပြိုင်ပွဲတွင် ၄ သင်း ဖွဲ့စည်းထားသောအသင်းများက ပတ်လည်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသည့် အသင်းများအား (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ အခမ်းအနားတွင် ဆုများ ပေးအပ်သွားမည်ဖြစ်ကြောင်း မြို့နယ်အားကစားမှူးထံက သိရသည်။ **(အပေါ်ပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းဆင်းပွဲ ကျင်းပ

**စစ်ကိုင်း ဖေဖော်ဝါရီ ၉**

စစ်ကိုင်းခရိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းဆင်းပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ စစ်ကိုင်းအိမ်ရာစခန်း၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၂) ဦးတိုးဝေက သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းမှ ပို့ချပေးလိုက်သည့် ပညာရပ်များကို ရရှိကြလိမ့်ကြမည်ဟု ယူဆပါကြောင်း၊ ရရှိခဲ့တဲ့ပညာရပ်တွေကို အများပြည်သူအကျိုးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများကို သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်း ပြောကြားလိုပါကြောင်း ပြောကြားကာ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါ်မိမိကျော်က သင်တန်းတွင် သင်ကြားပို့ချမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချရေးတာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ထွေးဝင်းက မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝမြေဩဇာပြုလုပ်သုံးစွဲရေးခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြော ဆွေးနွေးသည်။ သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

# ယာမြေများတွင် စိုက်ပျိုးသောကုလားပဲများ စတင်ရိတ်သိမ်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်သည် စိုက်ပျိုးရေးကို အခြေခံပြီး သီးနှံမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိရာ ၄င်းသီးနှံများအနက် ကုလားပဲ ဆောင်းသီးနှံကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျောက်ဆည်မြို့နယ်တွင် ၃၀၀၉၈ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၁၆၃၀၄ ဧက၊ မြစ်သားမြို့နယ်တွင် ၃၂၇၇၅ ဧက၊ စုစုပေါင်း ၇၉၁၇၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ကုလားပဲကို ယာမြေများ၌ အောက်တိုဘာလတွင် မိုးရေ အစိုဓာတ်ဖြင့် စိုက်ပျိုးကြသလို အချို့တောင်သူများမှာ ရေစက်များဖြင့် ရေတင်၍လည်း စိုက်ပျိုးကြသည်။ **(အောက်ပုံ)**

ကုလားပဲကို မျိုးအနေဖြင့် V2 မျိုးနှင့် ရိုးရိုးကုလားပဲလုံးသေးမျိုးဟူ၍ နှစ်မျိုးရှိပြီး V2 ကုလားပဲမျိုးကိုသာ အများဆုံး စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် တစ်ဧကလျှင် မျိုးစေ့ တစ်တင်း၊ တစ်တင်းခွဲနှုန်းခန့် ပက်ကြဲရကြောင်း၊ တောင်သူများအနေဖြင့် ကုလားပဲမျိုးကို မိမိအိမ်တွင် သေချာစွာ သိမ်းဆည်းထားပြီး မျိုးအဖြစ် အသုံးပြုသလို အချို့တောင်သူများသည် စိုက်ပျိုးချိန်တွင် ပွဲရုံများမှ ဝယ်ယူ၍ စိုက်ပျိုးကြသည်။



တစ်ဧက ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ငွေကျပ် ၃၀၀၀၀၀ ဝန်းကျင်ခန့် ကုန်ကျကြောင်း၊ ယာမြေများတွင် စိုက်ပျိုးထားသော အစောစိုက်ကုလားပဲများ ယခုအချိန်တွင် စတင်ထွက်ရှိနေပြီဖြစ်ကြောင်း၊ တစ်ဧကအထွက်နှုန်းအနေဖြင့် (၉-၁၀)တင်းခန့် ထွက်ရှိသည်။

ယခုနှစ် ကုလားပဲပေါ်ချိန်တွင် ကုလားပဲ(ရိုးရိုး) တစ်တင်းလျှင် ငွေကျပ် ၆၅၀၀၀၊ ကုလားပဲ (V2) တစ်တင်းလျှင် ငွေကျပ် ၇၃၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း တစ်ဧကအကျိုးအမြတ်အနေဖြင့် ငွေကျပ် ၃၅၀၀၀၀ ဝန်းကျင် မြတ်ကြောင်း သိရသည်။

**ရွှေမန်း**





## (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနား ကျင်းပ

**စစ်ကိုင်း ဖေဖော်ဝါရီ ၉**

စစ်ကိုင်းပညာရေးဒီဂရီကောလိပ်တွင် (၇၈)နှစ်မြောက်၊ ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ရက် နံနက်ပိုင်းက အဆိုပါကောလိပ်ရှိ မြဇရာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက ဖွင့်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားကာ စစ်ကိုင်းပညာရေးဒီဂရီကျောင်းအုပ်ကြီး ဒေါ်မေမြတ်ခိုင်က (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အားကစားပြိုင်ပွဲများ ကျင်းပပေးရခြင်းရည်ရွယ်ချက်များကို ပြောကြားရာ နိုင်ငံတော်၏ ဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စာတွေ့ လက်တွေ့ပေါင်းစပ်ပြီး လက်တွေ့နယ်ပယ်တွင် အသုံးချတတ်စေရန်၊ အားလပ်အချိန်ကို အကျိုးရှိသောနည်းလမ်းများဖြင့် အသုံးချတတ်သည့် စိတ်ဓာတ်ကောင်းများနှင့် အလေ့အကျင့်ကောင်းများ ပေါ်ထွန်းလာစေရန်၊ ထူးချွန်သည့် အားကစားသမားများ ပေါ်ထွန်းလာရေးနှင့် ဘက်စုံထူးချွန်သော ဆရာ၊ ဆရာမလောင်းများ ဖြစ်လာစေရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးရန်၊ အားကစားကျွမ်းကျင်သော အခြေခံဆရာ၊ ဆရာမများဖြစ်လာပြီး ကျောင်းသားလူငယ်များကို အားကစားပညာရပ်များ လက်ဆင့်ကမ်းနိုင်စေရန် ရည်ရွယ်ချက်ကောင်းများ ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေလျက်ရှိကြောင်း ပြောကြားခဲ့ပြီး ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံပေးခဲ့သည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက အကအလှများဖြင့် ကပြဖျော်ဖြေပေးခဲ့ကြပြီး အားကစားပြိုင်ပွဲများကို စစ်ကိုင်းမြို့ နှစ်(၇၀၀)ကွင်းအတွင်း ဆက်လက်ကျင်းပပေးလျက်ရှိရာ ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၅ရက်အထိ ကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ) မြို့နယ်(ပြန်/ဆက်)**

## ဆီးသီးများ ယခင်နှစ်ထက် ဈေးကောင်းရရှိ

**ကျောက်ဆည် ဖေဖော်ဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်တွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှစတင်၍ ဆီးချဉ်သီးနှင့် ဆီးချိုသီးများ စတင်ထွက်ပေါ်လျက်ရှိသည်။

အညာဒေသတွင် တောင်သူဦးကြီးများမှ မိမိတို့ တောနေအရိပ်ရရန်အတွက် လယ်ကန်သင်းခုံများတွင် ဆီးချဉ်သီးပင်များကို စိုက်ပျိုးထားကြပါသည်။ အများအားဖြင့် ဆီးချဉ်ပင်သည် အလေ့ကျပေါက်ရောက်သော အပင်မျိုးဖြစ်ပါသည်။ မြို့နယ်အတွင်း အများဆုံးပေါက်ရောက်သော ရွာများမှာ တောင်တွင်းတောင်တော်နှင့် ဒါးရဲကောင်းရွာများတွင် အများဆုံးပေါက်ရောက်ကြပါသည်။

ဆီးချဉ်ပင်သည် အညာဒေသ၏ နေရာတော်တော်များများတွင် ပေါက်ရောက်ရှင်သန်သော အပင်တစ်မျိုး ဖြစ်ပါသည်။ ပေါက်ရောက်သော ဆီးသီးအမျိုးအစားများမှာ ဆီးပဲလှော်၊ ဆီးကြက်ဥ၊ ဝက်သက်ခေါက်ဆီးသီးဟူ၍ အမျိုးမျိုးပေါက်ရောက်ကြပါသည်။

ဆီးချိုပင်ကိုတော့ စဉ့်ကိုင်မြို့နယ်တွင် အများဆုံးစိုက်ပျိုးကြပါသည်။ ဆီးချိုပင်ကို ခြံဖြင့် စီးပွားဖြစ်က်ပျိုးကြကြောင်း၊ အများဆုံးစိုက်ပျိုးသော ဆီးချိုပင် အမျိုးအစားမှာ အလုံးကြီးမျိုး ထိုင်ဝမ်မျိုးများကိုသာ စိုက်ပျိုးကြပါသည်။ **(အောက်ယာပုံ)**

ဆီးချိုသီးရောင်းဝယ်မှုတွင် ပြည်ချိန်ဖြင့် ရောင်းဝယ်ကြကြောင်း၊ ဆီးချိုသီး တစ်ပြည်လျှင် ဆီးသီးအလုံးပေါ် မူတည်၍ ငွေကျပ် ၁၅၀၀- ၂၀၀၀ အထိ ရောင်းချကြကြောင်း၊ အလုံးကြီးမျိုး ထိုင်ဝမ်ဆီးသီး ၁၀ပြည်ပါ တစ်ဖာလျှင် ငွေကျပ် ၁၅၀၀၀- ၂၀၀၀၀ အထိ ရောင်းချကြကြောင်း၊ ဆီးချဉ်သီးဈေးနှုန်းအနေဖြင့် ယခင်နှစ်ဈေးနှုန်းမှာ အခြောက် တစ်တင်းလျှင် ငွေကျပ် ၉၀၀၀- ၁၀၀၀၀ကျပ် အထိရောင်းချခဲ့ရပြီး ယခုလက်ရှိ ပေါက်ဈေးအနေဖြင့် အခြောက်တစ်တင်းလျှင် ငွေကျပ် ၁၁၀၀၀-၁၂၀၀၀ အထိ ရောင်းချရသဖြင့် ဆီးသီးကောက် ရောင်းချသူများ အပိုဝင်ငွေများ ရရှိလျက်ရှိကြောင်း၊ ဆီးချဉ်သီးကို တောလည်ကောက်သူများမှ နေလှန်းအခြောက်ခံကာ မြို့ပေါ်ပွဲရုံများသို့ ကိုယ်တိုင်ရောင်းချကြကြောင်း၊ ပွဲရုံများမှတစ်ဆင့် မန္တလေးနှင့်ဆီးဖျော်ရည်လုပ်ငန်းရှင်များမှ လာရောက်ဝယ်ယူကြကြောင်း သိရသည်။ **ရွှေမန်း**



## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ၂၀၂၅ ခုနှစ်၊ (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ကျင်းပမည်

(၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ၇၈ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်းနေရာတွင် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့မှ (၁၅)ရက်နေ့ထိ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲတွင်

(၁) ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲ
(၂) ပန်းအလှပင်ပြိုင်ပွဲ
(၃) ရာသီပန်းအလှပင်ပြိုင်ပွဲ
(၄) အရွက်အလှပင်ပြိုင်ပွဲ
(၅) ရွက်လှပင်ပြိုင်ပွဲ
(၆) ပြည်တွင်းသစ်ခွပြိုင်ပွဲ
(၇) ပြည်ပသစ်ခွပြိုင်ပွဲ(ကတ်တလီးယားပြိုင်ပွဲ)
(၈) ပြည်ပသစ်ခွ(စင်ဘီးဒီးယမ်းပြိုင်ပွဲ)
(၉) ပြည်ပသစ်ခွ(ဗန်ဒါပြိုင်ပွဲ)
(၁၀) နှင်းဆီပင်အမျိုးမျိုးပြိုင်ပွဲ
(၁၁) ရှားစောင်းပင်ပြိုင်ပွဲ
(၁၂) သက်ကြီးပုပင်(ဘွန်ဆိုင်း)ပြိုင်ပွဲ
(၁၃) အသီးပါသည့် အလှအပင်ပြိုင်ပွဲ
(၁၄) ဟင်းသီးဟင်းရွက် အရွက်ပြိုင်ပွဲ (ဥပမာ-မုန်ညင်းရွက်)
(၁၅) ဟင်းသီးဟင်းရွက် အထုပ်ပြိုင်ပွဲ (ဥပမာ-ဂေါ်ဖီထုပ်၊ ပန်းမုန်လာထုပ်)
(၁၆) ဟင်းသီးဟင်းရွက် အသီးပါအပင်ပြိုင်ပွဲ (ဥပမာ-ခရမ်း၊ ငရုတ်)
(၁၇) ဟင်းသီးဟင်းရွက် ဥပြိုင်ပွဲ (ဥပမာ-မုန်လာဥ)
(၁၈) သစ်သီးပြိုင်ပွဲ (ဥပမာ-သဘော်သီး၊ ဖရဲသီး)
(၁၉) ဟင်းသီးအသီး အလုံးလိုက်ပြိုင်ပွဲ (ဥပမာ-ဘူးသီး)
(၂၀) သစ်သီးဝလံအခိုင်လိုက်ပြိုင်ပွဲ (ဥပမာ-ငှက်ပျောခိုင်၊ အုန်းသီးခိုင်)
(၂၁) သစ်သီးဝလံဥပြိုင်ပွဲ(ဥပမာ-စိမ်းစားဥ၊ ကန်စွန်းဥ၊ ဝဥ၊ မျောက်ဥ)
(၂၂) ဟင်းသီးအသီးအနှံအတွဲလိုက်ပြိုင်ပွဲ (ဥပမာ-ခရမ်းချဉ်သီး)
(၂၃) သစ်သီးပုံဖော်အလှဆင်ခြင်းပြိုင်ပွဲ

ပြိုင်ပွဲအမျိုးအစားအားလုံးအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု(၃)ဆု ချီးမြှင့်မည် ဖြစ်ပါသည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များအား ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်း ကွပ်ကဲရေးရုံးသို့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀)ရက်နေ့ ရုံးချိန်အတွင်း ပေးပို့ရမည်။ ပန်းအလှပြုပြင်ခြင်းနှင့် သစ်သီးပုံဖော်အလှဆင်ခြင်း ပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်ပစ္စည်းများကို ဖေဖော်ဝါရီလ(၁၁)ရက်နေ့ နံနက်(၁၁)နာရီအထိ လက်ခံဆောင်ရွက်ပေးပါမည်။ အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ ဖုန်း(၀၉-၉၈၂၁၁၁၁၁၁၊ ၀၉-၂၅၉၀၈၀၇၅၇)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## တတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင်ပေးအပ်ပွဲ အခမ်းအနား ကျင်းပ

**စဉ့်ကိုင် ဖေဖော်ဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ကျောက်ဆည်တက္ကသိုလ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် (အဝေးသင် သင်တန်း)တတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင်ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ရက် နံနက် ၉နာရီက အဆိုပါတက္ကသိုလ်ရှိ ကေရာဇ်ခန်းမဆောင်အတွင်း၌ ကျင်းပရာ ကျောက်ဆည်တက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာရီရီဦးနှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများ၊ ဘွဲ့ရမောင်မယ်များ၊ မိဘများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတွင် မြန်မာ့ဆိုင်းဝိုင်းတူရိယာအဖွဲ့က "အမျိုးသားသီချင်း" ဖြင့် တီးမှုတ်၍ အခမ်းအနားကို စတင်ဖွင့်လှစ်ခဲ့ပြီး ကျောက်ဆည်တက္ကသိုလ်မှ ပါမောက္ခချုပ်က ဘွဲ့ရမောင်မယ်များအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်နှင့် ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် အမျိုးသားရေးစရိုက်လက္ခဏာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်ကြရန်လိုပါကြောင်း အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ဘွဲ့နှင်းသဘင်ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ကျောက်ဆည်တက္ကသိုလ်ပါမောက္ခချုပ်က ၂၀၂၃-၂၀၂၄ ပညာသင်နှစ်(အဝေးသင် သင်တန်း)တွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ဝိဇ္ဇာဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ မဟာသိပ္ပံဘွဲ့ရရှိသူ ၃၃၅၇ ဦးနှင့် အဝေးရောက်ဘွဲ့ရရှိသူ အဝေးရောက် ဘွဲ့ယူသူ ၁၀၄ ဦးတို့အား ဘွဲ့များ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(၃၉၉)**

ဝတ္ထုတိုကဏ္ဍ

# ပုံရိပ်ယောင်

မင်းလပြည့်(ဟားခါး)



(၁)

တောင်ထိပ်ပေါ်ကနေ ပြန်လည်မျှော်ကြည့်လိုက်ရင် တောင်အောက်မှာ ကျန်ရစ်ခဲ့သော ချွန်ကျုံးရွာလေးက နှင်းမှုန်တွေကြားမှာ မှုန်ရီဝိုးတဝါးသာ လှမ်းမြင်ရလေသည်။ ရွာကိုပတ်ခွေစီးဆင်း၍ တောင်ကြားတွေထဲ စီးဆင်းသွားသော နန်းကသဲခေါ် မဏိပူရမြစ်ကြီးကိုပင် မမြင်ရတော့။ လေထဲတွင် လွင့်မျော၍ ပါလာသော နှင်းမှုန်နှင်းစက်တို့က မျက်နှာပေါ်သို့ တဖွားဖွား ပက်ဖျန်းလာကြသဖြင့် တစ်ကိုယ်လုံးအေးခဲစိမ့်ခနဲ ခံစားလိုက်ရ၏။

ကျွန်တော်နှင့် မနားရှင်း နှစ်ယောက် တောင်ထိပ်ပေါ် ရောက်ခဲ့ကြပြီ။ ကျွန်တော်တို့ နှစ်ယောက်၏ ရှေ့မှာတော့ တုတ်ခိုင်၍ ကြီးမားသော မယော်ဂနီပင်ကြီးက ရှိနေသည်။ ထိုမယော်ဂနီပင်ကြီး၏ အလယ်ခွကြားတွင် လင့်စင်တစ်ခု ထိုးထား၏။ လူလေးငါးယောက်ခန့်တော့ လွတ်လွတ်လပ်လပ်နေ၍ရသည်။

ထိုလင့်စင်နှင့် မျက်နှာချင်းဆိုင်တည့်တည့်တွင် ကျောက်ဆောင်ကြီးတစ်ခုရှိသည်။ လင့်စင်နှင့် ပေ ၂၀ ကွာသည်။ ထိုကျောက်ဆောင်ကြီးတွင် ကျောက်စွယ်တစ်ခုက ဖျာတစ်ချပ်လို ထူးထူးဆန်းဆန်း ထိုးထွက်နေ၏။ ခပ်လှမ်းလှမ်းက ကြည့်လျှင် မိကျောင်းကြီး ပါးစပ်ဟထားသလို ဖြစ်နေသည်။ တစ်ရွာလုံးကတော့ ထိုနေရာကို ကျောက်ပါးစပ်ကြီးဟု ခပ်လွယ်လွယ်ပင် ခေါ်ကြသည်။

ကျောက်ပါးစပ်သို့တက်ရန် မယော်ဂနီပင်ခြေမှ လင့်စင်ပေါ်သို့ အတက်အဆင်းပြုလုပ်ရန် ကြိမ်ဖြင့်ပြုလုပ်ထားသော သုံးပင်လိမ် ကြိမ်ကြိုးတစ်ချောင်းကို တွဲလောင်းချိတ်ထားသည်။ လင့်စင်ပေါ်တက်ချင်လျှင် ထိုကြိမ်ကြိုးပေါ် တွဲလောင်းခို၍ တက်ရပါသည်။ ထိုအချင်းအရာတွေကတော့ ကျွန်တော့်ပါပါး(ဖေဖေ)က ပြုလုပ်ထားခဲ့ခြင်း ဖြစ်သည်။ ပါပါးနှင့်ကျွန်တော်သည် သည်နေရာသို့ ဆောင်းရာသီရောက်တိုင်း တစ်နှစ်တစ်ခါတော့ ပုံမှန်လာရောက်ခဲ့ကြသည်။

တကယ်တော့ သည်နေရာ၊ သည်ပတ်ဝန်းကျင်သည် အချိန်မရွေး အသက်အန္တရာယ် ကျရောက်နိုင်သဖြင့် ဘယ်ရွာသား တစ်ဦးတစ်ယောက်မျှ ယောင်လို့ပင် မလာကြချေ။ သည်နေရာသို့ရောက်သော သူများကား တစ်ရွာလုံးမှလူသားဆို၍ ပါပါးနှင့် ကျွန်တော် နှစ်ယောက်တည်းသာ ရှိလေသည်။ အခုတော့ ပါပါးနှင့် ကျွန်တော်သည် ထိုနေရာသို့ မရောက်ဖြစ်ခဲ့သည်မှာ ဆောင်းရာသီ နှစ်ရာသီပင် ပြည့်ခဲ့ပြီ ဖြစ်ပါသည်။

(၂)

ကျွန်တော်သည် မယော်ဂနီပင်ကြီးပေါ် မော့ကြည့်လိုက်ပါသည်။ မယော်ဂနီပင်ကြီးပေါ် ပါပါးပြုလုပ်ထားခဲ့သော ကြိမ်ကြိုး၊ ဝါးလှေကားတို့က အရာလည်း မယွင်း၊ အနေအထားလည်း မပျက်ဘဲ တည်ရှိနေပါ၏။ ကျွန်တော်နှင့် အဖော်ပါလာသော တစ်ရွာတည်းသားချင်း မနားရှင်းနှင့် ကျွန်တော်သည် ကြိမ်ကြိုးပေါ် တွဲလောင်းခိုစီး၍ လင့်စင်ပေါ်သို့ တစ်ယောက်တစ်လှည့် တက်ခဲ့ကြပါသည်။ မနားရှင်းကား တစ်ရွာတည်းသား ငယ်သူငယ်ချင်းတစ်ယောက်ဖြစ်သည်။ ရိုးသား၍ သစ္စာရှိသော ငယ်သူငယ်ချင်း တစ်ယောက်ဖြစ်သည်။ ထို့ကြောင့် သည်နေရာသို့ နှစ်ယောက်သား လာမည့်ကိစ္စတွင် တစ်ယောက်နှင့်တစ်ယောက် ကတိတစ်ခုထား၍ သစ္စာဆိုခဲ့သည်။

တစ်ခဏအတွင်းမှာပင် ကျွန်တော်တို့နှစ်ယောက် လင့်စင်ပေါ်သို့ ရောက်ခဲ့ကြပါသည်။ ကျွန်တော်သည် လင့်စင်မျော့ဝါးလှေကားထိုးထားသော ကျောက်ပါးစပ်ကြီးကို လှမ်းကြည့်လိုက်သည်။ ထိုကျောက်ပါးစပ်ကြီး၏ အပေါ်မျက်နှာပြင်ပေါ်ထွက်နေသော အရာဝတ္ထုတစ်ခုကို ဝါးလှေကားမှ ကူးသွားပြီး သွားရောက် ယူငင်ရမည်ဖြစ်သည်။ ထိုအရာဝတ္ထုကား ဆောင်းရာသီရောက်မှ ထူးထူးဆန်းဆန်း ထွက်ပေါ်လာသော အရာဝတ္ထု ဖြစ်လေသည်။

ဟိုတုန်းကတော့ ထိုအရာဝတ္ထုတစ်ခုကို ပါပါးက တစ်နှစ်တစ်ခါ လာရောက် ယူငင်ရ၏။ ကျွန်တော်သည် ကျောက်ဆောင်မျက်နှာပြင်တွင် ထွက်နေသော နီစွေးစွေးအရောင် အရာဝတ္ထုတစ်ခုကိုလှမ်း၍ သေချာကြည့်လိုက်သည်။ ပြီးတော့ ပေ ၂၀၀၀ ခန့် နက်ရှိုင်းသော လျှိုအောက်ကို ငုံ့ကြည့်လိုက်ပြန်သည်။ ကျွန်တော့် ရင်တစ်ခုလုံး တဒိတ်ဒိတ် ခုန်နေ၏။ ကျောက်ပါးစပ်ပေါ်က အရာဝတ္ထုလေးကို သွားရောက်ယူငင်ရမှာကို ဝန်လေးနေမိသည်။

'ဒီမှာသားကြီး… ဇမန်း အဲဒီအလုပ် လုပ်ရမှ နူးနူး(မေမေ)တို့ ထမင်းစားရမှာလား။ ပေါက်ပေါက်ရှာရှာ လုပ်စရာရှားလို့ ဇမန်းရယ်။ နင်တို့ ပါပါးလည်း အဲဒီအလုပ် လုပ်ပြီး လျှိုထဲပြုတ်ကျပြီး သေဆုံးခဲ့ပြီ မဟုတ်လား။ နူးနူး… သားကြီးကို နောက်ထပ် အတိမ်းအပါး မခံနိုင်တော့ဘူး။ အဲဒီတော့ နူးနူးကို ကတိပေးရမယ်။ အဲဒီအလုပ် မလုပ်ရလို့ နူးနူးတို့ ထမင်းငတ်ချင်ငတ်ပါစေ။ နောက်ကို အဲဒီအလုပ် မလုပ်တော့ပါဘူးလို့ နူးနူးကို ကတိပေး'

နူးနူးဖြစ်သူ ဒေါ်နီဘန်းက စိုးရိမ်စွာ ပြောဆိုခဲ့သော စကားတွေကို ကျွန်တော့်နားထဲမှာပြန်၍ ကြားယောင်လာမိသည်။ ပရိဒေဝ အပူမီးတွေ တောက်လောင်နေသော နူးနူးမျက်နှာသွင်ပြင်က မျက်စိထဲမှာပြန်၍ မြင်ယောင်လာမိသည်။ ပါပါးက ကျောက်ပါးစပ်လျှိုထဲပြုတ်ကျပြီး ကွယ်လွန်သွားပြီးနောက် ပါပါးအလုပ်ကို ကျွန်တော် ပခုံးပြောင်း ဆက်လက်လုပ်ကိုင်ရန် နူးနူးအား ခွင့်တောင်းစဉ် နူးနူးက ခါးခါးသီးသီး တားမြစ်ခဲ့သည်။ တကယ်တော့ ထိုလုပ်ငန်းသည် အသက်အန္တရာယ်နှင့်နီးသော်လည်း ကျွန်တော်တို့ မိသားစုလေး၏ ထမင်းအိုးပင် ဖြစ်၏။

ပါပါးသည် ထိုအလုပ်ကို အသက်မွေးဝမ်းကျောင်းသဖွယ် လုပ်ကိုင်ခဲ့သည်။ မာကျောလှသော ကျောက်ဆောင်အတွင်းမှ သွေးခဲလိုလို နီညိုရောင်အရည် တစ်မျိုးအပြင်သို့ စိမ့်ထွက်လာသော ဖြစ်ရပ်သည် တစ်သက်တွင် တစ်ခါပင် တွေ့ဖို့ မလွယ်ပါချေ။ တကယ်တော့ ကျောက်အတွင်းထဲတွင် နှစ်ကာလရှည်လာသဖြင့် သံချေးရောင်တက်ကာ အအေးဓာတ်လွန်ကဲသော ဆောင်းရာသီ ကာလများတွင် ဓာတ်ပြောင်းလဲပြီး အပြင်သို့သွေးရောင်အဖြစ် စိမ့်ထွက်လာခြင်း ဖြစ်ပါသည်။ ရွာသားတွေကတော့ ကျောက်သွေး(သို့မဟုတ်) သဘာဝဆေးရည်ဟု ခေါ်ကြ၏။

ထိုသို့ ကျောက်သွေးထွက်သော ကျောက်ဆောင်နေရာကို ရွာက မုဆိုးတွေ တော်တော်များများသိသော်လည်း အသက်အန္တရာယ်များသော ထိုနေရာကို ဘယ်မုဆိုး၊ ဘယ်ရွာသားကမှ စိတ်မဝင်စားကြ၊ ကျွန်တော့်ပါပါး တစ်ယောက်တည်းသာ ထိုကျောက်သွေးကို သက်စွန့်ကြိုးပမ်းယူနိုင်ခဲ့၏။ ကျောက်သွေးက ကျောက်ထဲကနေ သစ်စေးများလို ခပ်ပျစ်ပျစ် ထွက်လာတာမို့ ဓားဖြင့်ခြစ်ယူရသည်။

သို့သော် များများစားစားတော့ မရချေ။ တစ်ခါခြစ်ယူမှ နို့ဆီဘူး တစ်ဘူးခန့်သာ ရသည်။ သို့သော် ထိုနို့ဆီဘူး တစ်ဘူးကို တစ်သိန်းခန့် ဈေးပေါက်၏။ ဆေးဆရာသမားတော်ကြီးများက ဝယ်ယူကြပါသည်။ ကျောက်သွေးသည် သွေးတိုး၊ နှလုံး၊ ဆီးချို စသည့်ရောဂါများ ပျောက်ကင်းသည်ဟု အယူရှိကြသည်။

ထို့ကြောင့် သေမင်းနှုတ်ခမ်းပေါ် လျှောက်ရသလို အသက်အန္တရာယ်နှင့် နီးသော်လည်း မိသားစုထမင်းအိုးကို တစ်ဖက်တစ်လမ်းက ကျားကန်ပေးနေတော့ ဆောင်းရာသီရောက်တိုင်း ပါပါးနှင့်ကျွန်တော်သည် ကျောက်ပါးစပ်သို့ မပျက်မကွက် သွားရောက်ရလေသည်။ သို့သော် မထင်မှတ်သော တစ်နေ့တွင် ပါပါးတစ်ယောက် ရုတ်တရက် ကြမ္မာဆိုးကြီးတစ်ခုနှင့် ကြုံလာရသည်။

ပါပါးသည် ဝါးလှေကားပေါ်မှာ ကျောက်သွေးခြစ်ယူနေစဉ် ရုတ်တရက် ငလျင်လှုပ်သွားသည်။ ကျောက်တောင်တစ်ခုလုံး တဝုန်းဝုန်းနှင့် တုန်ခါသွား၏။ သည်တွင် ပါပါးလည်း မိုက်ခနဲမူးသွားပြီး လျှိုထဲသို့ ပြုတ်ကျသေဆုံးခဲ့သည်။ ရွာသားတွေက လျှိုထဲသို့ ကြိုးတွေဖြင့် တွယ်ဆင်းပြီး ပါပါး အလောင်းကို ခက်ခက်ခဲခဲ ဆယ်ယူခဲ့ရသည်။ ထိုအချိန်မှစ၍ ကျောက်ပါးစပ်သည် လူသားစားသည်ဟု ရာဇဝင်တွင်သွားကာ မည်သူမျှ ထိုနေရာပတ်ဝန်းကျင်ကို မသွားရဲတော့ချေ။ မင်္ဂလာမရှိသောနေရာ ဖြစ်ခဲ့သည်။

ကျွန်တော်ကတော့ ကျောက်ပါးစပ်က လူသားစားသည်ဆိုသည်ကို မယုံကြည်ပါ။ ကျွန်တော်ကတော့ ပါပါးသေဆုံးခဲ့ခြင်းသည် တိုက်ဆိုင်မှုတစ်ခုဟုသာ ယုံကြည်ထား၏။ ထို့ကြောင့် အရင်းနည်းနည်းနှင့် အမြတ်ငွေများများရသော ပါပါး၏ အမွေကို ဆက်လက်လုပ်ကိုင်ရန် နူးနူးအား ခွင့်တောင်းခဲ့သည်။ သို့သော် တစ်ခါသေဖူး ပျဉ်ဖိုးနားလည်သွားသော နူးနူးသည် ကျွန်တော့် တောင်းဆိုချက်အား လုံးဝခွင့်မပြုပါ။ ထို့ကြောင့် ကျွန်တော်ကလည်း နူးနူး စိတ်ဆင်းရဲမည့်အလုပ်ကို မလုပ်လိုသဖြင့် နူးနူး တောင်းဆိုသော ကတိကို စိတ်ချလက်ချပေးခဲ့သည်။

(၃)

အခုတော့ နူးနူးယုံကြည်လောက်အောင် စိတ်ချလက်ချပေးခဲ့သော ကတိတစ်ခုကို ကျွန်တော် ဖောက်ဖျက်ခဲ့သည်။ ကျွန်တော်သည် နူးနူးအပေါ် ကတိမတည်တော့ပါ။ လူမှာကတိ၊ မင်းမှာသစ္စာတဲ့။ ကျွန်တော် နူးနူးအပေါ် ကတိမတည်ခဲ့လို့ လူစာရင်း အသွင်းမခံရတော့ရင်လည်း ဝမ်းနည်းရုံကလွဲပြီး မတတ်နိုင်တော့ပါ။

'ဟေ့ကောင် ဇမန်း၊ ဘာတွေ စဉ်းစားနေတာလဲ။ ကူးတော့လေ··'

'ဩော်…အေးပါ…အင်း…အင်း…'

ကျောက်ပါးစပ်ပေါ် စိမ့်ထွက်သော နီညိုရောင်အရည်စက်တွေကို လှမ်းကြည့်ရင်း အတွေးလွန်နေသော ကျွန်တော့်ကို မနားရှင်းက သတိပေးလိုက်တော့မှ အသိ ပြန်ဝင်လာခဲ့သည်။ ကျွန်တော်သည် ဝါးလှေကားပေါ် တစ်ထစ်ချင်းနင်း၍ ကျောက်ပါးစပ်ဆီသို့ ကူးလာခဲ့သည်။ ရင်ထဲမှာတော့ တထိတ်ထိတ်။ ပါပါးပြုတ်ကျခဲ့သော လျှိုအောက်ကို ငုံ့မကြည့်ရဲ။ ထိုသို့ ကူးသွားစဉ် လင့်စင်ပေါ် ကျန်ရစ်ခဲ့သော မနားရှင်းက ဝါးလှေကားကို ကိုင်၍ ထိန်းပေးထားသည်။ ကျွန်တော်သည် တစ်ခဏအတွင်းမှာပင် ကျောက်ပါးစပ်သို့ အောင်မြင်စွာ ကူးနိုင်ခဲ့သည်။

(ဆက်လက်ဖော်ပြပါမည်။)



## တရားဟော၊ စကားပြော လက်တွေ့ကျပန်း စကားပြောပြိုင်ပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၉**

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်းတွင် ဖေဖော်ဝါရီ ၆ ရက်က ပြဋ္ဌာန်းဘာသာရပ်ဖြစ်သော တရားဟော၊ စကားပြော ဘာသာရပ်အတွက် သင်တန်းသား သံဃာတော်များ တရားဟော၊ စကားပြော လက်တွေ့ကျပန်း စကားပြောပြိုင်ပွဲ အခမ်းအနားကို အဆိုပါ သင်တန်းကျောင်းရှိ စာသင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားသို့ ကြွရောက်မူကြသော ကျောင်းအုပ်ဆရာတော်နှင့်ကထိကဆရာတော်များ သင်တန်းသံဃာတော်များက နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

အစီအစဉ်အရ ကျောင်းအုပ်ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသဝ (ဓမ္မာစရိယ၊ B.A)က ဩဝါဒကထာမြွက်ကြားပြီး တရားဟော စကားပြောဘာသာရပ် မူလ ကထိကဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒက ကျပန်း စကားပြောပွဲနှင့် ပတ်သက်သော သာရဏီကထာမြွက်ကြားသည်။

ထို့နောက် သင်တန်းအမှတ်စဉ်(၁၉)သင်တန်းသား သံဃာတော် ၆၃ ပါးတို့က မဲနှိုက်ကြရာ ခေါင်းစဉ်ဖြင့် စိတ်ဝင်စားဖွယ်ရာ အထောက်အထားကျမ်းကိုးများဖြင့် ဟောပြောပါဝင်ယှဉ်ပြိုင်ပြောဆိုကြသည်။

အဆိုပါ ကျပန်းစကားပြောပြိုင်ပွဲသို့ ဥပဏ္ဍမ္ဘကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မဇောတဓရ ဦးချစ်ထွန်း၊ အတွင်းရေးမှူး ဦးမျိုးဝင်းနိုင်နှင့် အဖွဲ့ဝင်များက တက်ရောက်ကြည်ညိုကာ အခမ်းအနားအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝ၃၆)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

ပတ်စရာ၊ မှတ်စရာ
စုံလင်

## လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြသ၊ လက်ကမ်းစာစောင်များဖြန့်ဝေ

**ကျောက်ဆည် ဖေဖော်ဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင် ဘေးအန္တရာယ် စီမံခန့်ခွဲရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူလူငယ်များ အသိပညာဗဟုသုတပြည့်ဝပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဖေဖော်ဝါရီ ၇ ရက်၊ နံနက် ၉နာရီက ကျောက်ဆည်မြို့၊ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း အနော်ရထာ ခန်းမတွင် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြသခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့သည်။

လူငယ်ရေးရာ အသိပညာပေးဟောပြောရာတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်ခင်နှင်းရီက အနာဂတ်မျိုးဆက်သစ်ကျောင်းသားလူငယ်များ ဘက်စုံထူးချွန်ထက်မြက်စေရန်၊ အသိပညာအတတ်ပညာနှင့်ပြည့်စုံသည့် လူငယ်များပေါ်ထွန်းလာစေရန် ဗဟုသုတကြွယ်ဝဖို့ လူတိုင်းစာဖတ်ကြပါစို့ ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့ပြီး၊ ခရိုင်ဘေးအန္တရာယ် စီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းဝင်းက သဘာဝဘေးအန္တရာယ် အကြောင်းများနှင့် သဘာဝဘေးအန္တရာယ်မကျရောက်မီ၊ ကျရောက်နေစဉ်၊ ကျရောက်ပြီးအချိန်များတွင် လိုက်နာမည့်အချက်များ အကြောင်း ရှင်းလင်းဟောကြားခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။



လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲအပြီးတွင် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် ကလေး အလုပ်သမားပပျောက်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်ကင်းရှင်းရေးနှင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး အသိပညာပေးနံရံကပ် စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၅)

## ဘာဝနာတရား နေ့စဉ်ပွားပါ

\- - - - - - - - - - - - -

* လောကလူ့ရွာ၊ ဤကမ္ဘာ၌
အချိန်နှိုးကြား လူများအမြင်
ပုံမှန်ညပင် ရှည်လားထင်၏ ။

* ခရီးလျှောက်လှမ်း ပင်ပန်းနွမ်းစွာ
သူများမှာလည်း ခရီးတစ်ယူဇနာ
လွန်ဝေးကွာဟု ထင်ကြသည်ပင်
အမှန်ပင်တည်း ။

* ကောင်းမှုကုသိုလ် ထိုထိုကိစ္စ
ဟူသမျှကို မေ့လျော့နေရာ
လူများစွာမှာ သံသရာဘဝ
ရှည်လျားလှ၏ ။

* ရတနာသုံးပါး ဦးထိပ်ထား၍
ဒါနသီလ သမထနှင့်
ဝိပဿနာ ဘာဝနာတရား
(လက်ကိုင်ထား၍)နေ့စဉ်ပွားပါ
ရှည်လျားလွန်စွာ သံသရာသည်
အမှန်မုချ တိုစေသတည်း ။ ။

**ဆန်း(မန္တလေး)**





## ရတနာပုံတက္ကသိုလ် (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၉**

ဖေဖော်ဝါရီလ ၂၂ ရက်တွင် ကျရောက်မည့် ရတနာပုံတက္ကသိုလ်၏ (၂၅)နှစ်မြောက် ငွေရတု အထိမ်းအမှတ်အဖြစ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီခွဲက အဆိုပါ တက္ကသိုလ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲတွင် ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက အဖွင့်ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ကျင်းပရာ ဘာသာရပ်ဌာနအသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၂၀ သင်းနှင့် စီမံရေးရာဌာနအသင်းတစ်သင်းတို့ ပါဝင်သည့် ပြိုင်ပွဲဝင်အသင်းပေါင်း ၂၁ သင်းတို့၏ ယှဉ်ပြိုင်မှုကို ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာသွယ်လင်းကို၊ ဒေါက်တာခင်မော်မော်စိုး၊ ဒေါက်တာဦးဝင်းနိုင်၊ ထမနဲထိုးပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာနှင်းနှင်းဌေး၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ အမှတ်ပေးအကဲဖြတ်ဒိုင်များ၊ ဆရာ၊ ဆရာမများ၊ စီမံရေးရာတာဝန်ရှိသူများနှင့် စီမံဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုအားပေးကြသည်။

ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အင်္ဂလိပ်စာဘာသာရပ်အသင်း၊ ဒုတိယဆုရရှိသည့် ဒဿနိကဗေဒ ဘာသာရပ်အသင်း၊ တတိယဆုရရှိသည့် မြန်မာစာအသင်း၊ နှစ်သိမ့်ဆု(၁)ရရှိသည့် သတ္တဗေဒ အသင်းနှင့် နှစ်သိမ့်ဆု(၂)ရရှိသည့် သမိုင်းအသင်းတို့အား ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များနှင့် ထမနဲထိုးပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌတို့က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၈၂)

ဝ-ဝ-ဝ-ဝ-ဝ-ဝ

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ လေ့လာစို့။

## သတင်းပဒေသာ

### အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်

ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ မချမ်းဘောမြို့နယ်၊ ကောင်းမှုလုံကျေးရွာတွင် တည်ထားကိုးကွယ်သော သမိုင်းဝင်ကောင်းမှုလုံစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါ ကောင်းမှုလုံစေတီတော်ရင်ပြင်ရှိ တေဇသာလာဓမ္မာရုံတော်၌ ကျင်းပရာ ဧည့်ပရိသတ်အပေါင်းက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို စတင်ဖွင့်လှစ်သည်။ ပူတာအိုမြို့နယ်၊ လုံရှာယာန်ကျောင်းတိုက် ဆရာတော်က စိန်ရောင်ခြည်ဘုရားပင့်ဖြင့် ဘုရားပင့်ခြင်း၊ အခမ်းအနားမှူးက နတ်ပင့်ဂါထာဖြင့် နတ်ဗြဟ္မာများအားပင့်ဖိတ်ခြင်းများ ဆောင်ရွက်ကြသည်။ ထို့နောက် အခမ်းအနားကို အစီအစဉ်များအတိုင်း ကျင်းပခဲ့ပြီး အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ရပ်ကွက်၊ကျေးရွာအုပ်စုပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နမ့်ယွမ်းဂေါက်ကွင်း၌ ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်က အမှာစကားပြောကြားသည်။ အဆိုပါ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲတွင် အသင်းပေါင်း(၁၀)သင်းဝင်ရောက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားမှူး ဦးစိုင်းကျော်ထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

### တိုင်းရင်းဆေးပညာဖြင့် အခမဲ့ကွင်းဆင်းဆေးကုသပေး

ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့၊ ၂၅ ခုတင်ဆံ့ ဘိုင်းရင်းဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများက ယမန်နေ့ ဘွင် လွိုင်လင်မြို့၊ အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဘိုင်းရင်းဆေးပညာဖြင့် အခမဲ့ကွင်းဆင်းဆေးကုသပေးနေကြောင်း သိရသည်။ တိုင်းရင်းဆေးပညာဖြင့် အခမဲ့ကွင်းဆင်းကုသပေးရာသို့ မြို့ပေါ်ရပ်ကွက်အသီးသီးမှ ရောဂါအမျိုးမျိုးဝေဒနာရှင်များက လာရောက်၍ ဆေးကုသမှုခံယူသူများကို ၂၅ ခုတင်ဆံ့ ဘိုင်းရင်းဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံနှုတ်ဆက်ထွေးစွာ ကြိုဆိုကြပြီး လိုအပ်သည့် စမ်းသပ်မှုများ၊ စားဆေး၊ လိမ်းဆေးများ ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ပြည်ထောင်စုနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြော

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက သာစည်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျင်းပရာ ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်မြစန်းရီက ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံ၊ ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပွဲများ နှစ်စဉ်ကျင်းပရခြင်း အကြောင်းအရာများ၊ ပြည်ထောင်စုစိတ်ဓာတ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များအကြောင်းကို အသိပညာပေးဟောပြောခဲ့သည်။ ကျောင်းသား၊ ကျောင်းသူများ၏ ပြည်ထောင်စုနေ့အကြောင်း သိရှိလိုသည့် မေးမြန်းချက်များအား ပြန်လည်ဖြေကြားပေးခဲ့သည်။ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် သတင်းစကား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## စည်ပင်ဝန်ထမ်းအိမ်ရာမိသားစု (၁၁၇)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ



**မန္တလေး ဖေဖော်ဝါရီ ၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊မဟာမြိုင် စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ကြားတွင် နေထိုင်သည့်ဝန်ထမ်း မိသားစုများမှ စုပေါင်း၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံ ဆွမ်းလောင်းလှူကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များနှင့် ဆွမ်းနှင့် ဆွမ်းဟင်းအလှူရှင် ဒေါ်လှမ၏ အသက်(၈၀)ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် (သမီး) မရွှေစင်ဝင်းမိသားစုက လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား (၁၁၇)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ငါးဖယ်အုန်းနို့ချက်၊ သံပရာသီးသနပ်တို့ကို ၃၆လမ်းနှင့် ၆၉လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော် အပါး ၂၅၀ ကျော်တို့အား ယနေ့ နံနက် ၅ နာရီခွဲမှ စတင် လောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၃)

*-*-*-*-*-*-*

## ဗုဒ္ဓမြတ်စွယ်တော်နှင့် ဟောမိငါးထောင်ဘုရားများသို့ လှူဒါန်းကုသိုလ်ပြု

**မန္တလေး ဖေဖော်ဝါရီ ၉**

မန္တလေး၊ တောင်စလင်းတိုက်သစ်၊ ပဓာနနာယကဆရာတော် ဦးဆောင်သည့် ဗုဒ္ဓမြတ်စွယ်တော်(မန္တလေး)နှင့် ဟောမိငါးထောင်ဘုရားသို့ ဘုရားတစ်ဆူနှင့် ထီးတော်တို့အား ရပ်ဝေး၊ရပ်နီးတို့မှ ငွေကျပ် တစ်သိန်းသုံးသောင်းငါးထောင်ဖြင့် လှူဒါန်းကုသိုလ်ပြုလျက်ရှိရာ ယမန်နေ့က ဗုဒ္ဓမြတ်စွယ်တော်(မန္တလေး)သို့ ဘုရားဖူးလာရောက်ကြည်ညိုသည့် ဘဒ္ဒန္တတိက္ခ (အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဆရာတော်အား အမှူးထားလျက် အလှူရှင် ဦးတင်မောင်ဆွေ+ဒေါ်ခင်ဌေးကြည်၊ (သား)ဣန္ဒြသိရိန် မိသားစုက ရွှေသင်္ကန်း ကပ်လှူရန် ငွေကျပ်တစ်သိန်းကို လှူဒါန်းရာ ဗုဒ္ဓမြတ်စွယ်တော်(မန္တလေး)ဂေါပကကိုယ်စား ဦးသန်းဇော်(ရုံးအဖွဲ့ဝင်)က လက်ခံရယူသည်။

အလားတူ ပုသိမ်ကြီးမြို့နယ်ရှိ ဟောမိငါးထောင်ဘုရားသို့ အလှူရှင် မန္တလေး၊မဟာအောင်မြေမြို့နယ်နေ ဦးဌေး+ စာရေးဆရာမ ယဉ်ယဉ်နု(မန္တလေး)သား၊သမီး၊မြေးတစ်စုတို့က ငွေကျပ်တစ်သိန်းသုံးသောင်းငါးထောင်ဖြင့် ဘုရားတစ်ဆူ၊ထီးတစ်လက်ကိုလည်းကောင်း၊ မန္တလေး၊ ချမ်းအေးသာစံမြို့နယ်နေ ဦးမြင့်မောင်အား ရည်စူး၍ (ဇနီး) ဒေါ်ချိုမာလာ မိသားစုက ငွေကျပ် ခုနစ်သောင်းဖြင့် ဘုရားတစ်ဆူကိုလည်းကောင်း၊ ဦးထွန်းဖေ+ဒေါ်ခင်မေတို့အား ရည်စူး၍ ကျန်ရစ်သူ မိသားစုက ငွေကျပ် ခုနစ်သောင်းဖြင့် ဘုရားတစ်ဆူကိုလည်းကောင်း အသီးသီး လာရောက် လှူဒါန်းကြကြောင်း သိရသည်။

(အောက်ပုံ)

(ဝ၄၉)



## ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေ ပေးအပ်

**မန္တလေး ဖေဖော်ဝါရီ ၉**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်း ပြုလုပ်သည်။

ရွှေဦးစွာ ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသဝ (ဓမ္မာစရိယ၊ B.A)က ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချ အနုမောဒနာဟောကြားချီးမြှင့်ပြီး ကိုထွန်းကျော်(ခ)ကိုပေါက် ကွယ်လွန်ခြင်း (၁၁)နှစ်ပြည့်အဖြစ် မန္တလေးမြို့နေ ဒေါ်ဆွေဆွေဖြူ၊ (သမီး)မဖြူစင်ထွန်းကျော်၊ (သား) မောင်မင်းခန့်ထွန်းကျော်၊ မောင်မင်းသန့်ထွန်းကျော် မိသားစုက ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီးငွေကျပ်သိန်း ၃၀၊ ဖြည့်စွက်လှူဒါန်းငွေကျပ် ၃ သိန်း၊ စုစုပေါင်းငွေကျပ် ၃၃ သိန်းကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူသည်။

(အပေါ်ပုံ)

ထို့နောက် အဆိုပါအလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသားသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(ဝ၃၆)

*-*-*-*-*-*-*



## ပညာရေး(ငြိမ်း) ဆရာမကြီးနှစ်ဦးအား ထောက်ပံ့ငွေ ပေးအပ်

**သရက် ဖေဖော်ဝါရီ ၉**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့တွင်အငြိမ်းစားယူထားသည့် ပညာရေး(ငြိမ်း)ဆရာမကြီးနှစ်ဦးအား ငွေကျပ် ၁၅သိန်းစီ ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ခရိုင်စာကြည့်တိုက် Community Centre ခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် နာယကဆရာကြီး ဦးတင်ထွဋ်က ယခုလိုသက်ပြည့်အငြိမ်းစားယူပြီး ဆရာကြီး၊ ဆရာမကြီးများ လစဉ် အလှူငွေ ပေးအပ်ရာမှာ စေတနာအလှူငွေကောက်ခံသည့်စနစ်ဖြင့် ဆောင်ရွက်၍ ထောက်ပံ့ငွေပေးအပ်ရခြင်းဖြစ်ကြောင်း ပြောကြားပေးခဲ့ပြီး ပီတိပညာရေးပရဟိတအဖွဲ့ဝင် ဦးမြင့်သိန်းက စေတနာအလှူငွေကောက်ခံ ဆောင်ရွက်ရသည့် အခြေအနေများကို ရှင်းလင်းပေးခဲ့သည်။

ထို့နောက် အငြိမ်းစားပင်စင်ယူထားသည့် ဒေါ်စန်းစန်းအေး (မူပြ၊အထက-၃)နှင့် ဒေါ်မွန်မွန်(မူအုပ်၊ မူလွန်ရွာသစ်)တို့အား ပီတိပညာရေးပရဟိတမှ ထောက်ပံ့ငွေကျပ် ၁၅ သိန်းစီအား ပီတိပညာနာယကဆရာကြီး ဦးအောင်ကျော်စိုးက ပေးအပ်ရာ ထောက်ပံ့ခံဆရာမကြီးနှစ်ဦးတို့က လက်ခံပေးခဲ့ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် အငြိမ်းစားသက်ကြီးဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးစောင့်ရှောက်ရန်အတွက် အလှူငွေကျပ် ၃၀၀၀၀ စီ လှူဒါန်းပေးခဲ့ရာ ပီတိပညာရေးအဖွဲ့ဝင်ဆရာမကြီး ဒေါ်တင်တင်ယုက လက်ခံရယူခဲ့ကြောင်း သိရသည်။

ဇော်ထက်(သရက်)

# လပြတ်တပို့တွဲ နှစ်စဉ်နွှဲ မြန်မာ့ရိုးရာ ထမနဲပွဲ

တပို့တွဲသည် မြန်မာပြက္ခဒိန်တွင် ၁၁လ မြောက် ဧကာဒသမလ ဖြစ်၏။ မြန်မာလများတွင် ရက်စုံလနှင့် ရက်မစုံလများရှိရာ တပို့တွဲလသည် ၂၉ရက်သာရှိသော ရက်မစုံလ ဖြစ်သည်။ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလအတွင်း ကျရောက်သော လဖြစ်၏ ။ ‘တပို့’သည် ထန်းဖူးကိုဆိုလိုပြီး ‘တွဲ’သည် အသီးအခိုင်များ တွဲလောင်းကျခြင်းကို ဆိုလိုသည်။ ထို့ကြောင့် တပို့တွဲလသည် ထန်းဖူးများ အောက်သို့ ရောက်အောင်ဆွဲချပြီး ထန်းရည်ခံသောကာလကို ရည်ညွှန်းသည်။ ရာသီမှာ ကုံရာသီဖြစ်ပြီး စန်းယှဉ်သော နက္ခတ်မှာ မာဃနက္ခတ်ဖြစ်သည်။ ရာသီရုပ်မှာ ရေထမ်းသမား သူဆင်းရဲပုံဖြစ်သည်။ တပို့တွဲလ၏ အထိမ်းအမှတ်ပန်းမှာ‘ပေါက်ပန်း’ ဖြစ်ပြီး ‘ယာဂုထမနဲပွဲ’မှာ ထင်ရှားသောပွဲဖြစ်သည်။

**မီးဖုန်းယာဂု ကပ်လှူပွဲ**

မီးဖုန်းပွဲ (မီးပုံးပွဲ)ဟုဆိုရာတွင် ‘ဖုန်း’သည် ပါဠိဘာသာဖြင့် ကောင်းမှုကုသိုလ် အလှူဟု အဓိပ္ပာယ်ရ၏ ။ ထို့ကြောင့် မီးဖုန်းပွဲကို မီးအလှူ ကုသိုလ်ယူပွဲ ဟုခေါ်ကြသည်။ တပို့တွဲလနှင့် တပေါင်းလအကူးအပြောင်းကြား စရက်ကာလသည် ‘နှာရည်ယိုရှဲ တပို့တွဲ’ဟု ဆိုရလောက်အောင် အအေးပို၏။ အေးလွန်းသောကြောင့် ကျွဲများ ချိုဖျားအထိ တဆတ်ဆတ် တုန်ခါအောင် အအေးပိုလှသည်။

မြတ်စွာဘုရားရှင်လက်ထက်က မီးလှုံခြင်းကြောင့် (၁)မျက်စေ့ထိခိုက်နိုင်ခြင်း၊ (၂) အဆင်းပျက်နိုင်ခြင်း၊(၃) ခွန်အားဆုတ်ယုတ်စေခြင်းတို့ကြောင့် ဝိနည်းတော်အရ မီးလှုံခြင်းကို တားမြစ်ထားသည်။ သို့သော် တပို့တွဲလမှာ အလွန်အေးသောလဖြစ်၍ ထိုကာလတွင် မီးလှုံခြင်းကို ဘုရားရှင်ခွင့်ပြုတော်မူ၏။

ကိုယ်တော်တိုင်လည်း ခြေတော်လက်တော်အား မီးကင်သည်။

> **‘ရွှေယုဂန်နန်းချိုမြ စန်းခိုခလျှံသူ**
> **ချမ်းဆိုသမျှ စံမတူသည် သံယမ္ဗူသော်မှ**
> **မီးမယ်ဖျူးရွှေလက်တော်ကင်သည်**
> **ရေစက်သွင် အေးတဲ့သည်လ’**

ဟု စာဆိုတော် ဦးကြော့က ရေးဖွဲ့ခဲ့သည်။ ထိုကဲ့သို့ အေးသော တပို့တွဲလတွင် ဘုရားဆင်းတုတော်များ၏ ရှေ့တွင် သံဃာများ၊ သက်ကြီးရွယ်အိုများကို မီးလှုံရန် မီးမယ်ဖျူး (မီးအိုးကင်း)တွင် နံ့သာထင်းများထည့်၍ ကပ်လှူလေ့ရှိ၏။ ယာဂုဆွမ်း ကျိုချက်၍ ကပ်လှူခြင်း၊ ကျွေးမွေးခြင်းများဖြင့် မီးဖုန်းသဘင်ပွဲကို ကျင်းပလေ့ရှိသည်။ ယခုအခါ မီးဖုန်းသဘင်ပွဲများကို မြန်မာနိုင်ငံတွင် နေရာအနည်းငယ်သာ တွေ့နိုင်တော့ပြီဖြစ်ကာ တစ်စတစ်စ မှေးမှိန်လာခဲ့လေပြီ။

**ထမနဲပေါ်လာပုံ**

မြတ်စွာဘုရားရှင်သည် သံဃာတော်များနှင့်အတူ အန္ဓဝိန္ဒရွာသို့ ဒေသစာရီ ကြွချီစဉ် ပုဏ္ဏားတစ်ဦးသည် အရှင်အာနန္ဒာမှတစ်ဆင့် ဘုရားရှင်ကို ဆွမ်းကပ်လှူရန် လျှောက်တင်ခဲ့၏။ ဘုရားရှင်၏ ခွင့်ပြုချက်နှင့်အညီ ယာဂုဆွမ်းနှင့် ပျားသကာမုန့်များကို ဆက်ကပ်ခဲ့သည်။ ထိုအချိန်မှစ၍ ယာဂုဆွမ်းကပ်လှူပွဲ အစဉ်အလာပေါ်ပေါက်ခဲ့သည်ဟု ဆိုသည်။ ယာဂုဆိုသည်မှာ ဆန်ကို ကြေညက်အောင် ပြုလုပ်ထားသော အဖျော်စားစရာတစ်မျိုး (ဆန်ပြုတ်)ဖြစ်၏။ ‘လုံးတောဆရာတော်’၏ မိန့်ဆိုချက်အရ ဘုရားရှင် လေနာရောဂါ ခံစားရစဉ် အရှင်အာနန္ဒာအား မာတုဂါမတစ်ဦး ချက်လုပ်သော ချင်းစိမ်း၊ ငရုတ်၊ ကြက်သွန်၊ နှမ်းတို့ပါဝင်သော ယာဂုဆွမ်းကို ခံယူစေလျက် ဘုန်းပေးသုံးဆောင်ရာ ဘုရားရှင်မှာ လေနာရောဂါ ငြိမ်းအေးခဲ့သည်ဟု ဆိုသည်။ ထို့ကြောင့် ယာဂုဆိုသည်မှာ ချင်းစိမ်း၊ ကြက်သွန်၊ ငရုတ်၊ နှမ်းတို့ ပါဝင်သော ဆန်ပြုတ်တစ်မျိုးဟု ယူဆနိုင်သည်။



သို့သော် ‘ကုန်းဘောင်ခေတ် မဟာရာဇဝင်ကြီး’၌ ဖော်ပြထားချက်အရ မင်းတုန်းမင်းကြီး၏ ရွှေမြို့တော်လေးပြင်လေးရပ်ရှိ ယာဂုပွဲတော်တွင် ‘ကောက်ညှင်းဆန်၊ ဆီ၊ ဆား၊ နှမ်း၊ ချင်းစိမ်း၊ မြေပဲ၊ အုန်းသီး၊ သစ်ကြားသီး’တို့ကို ရော၍ ကျိုသည်ဖြစ်ရာ ယာဂုသည် ထမနဲဟု မှတ်ယူနိုင်သည်။ ရှေးယခင်က တပို့တွဲလ ကောက်သစ်ပေါ်ချိန် ယာဂုအိုးကျိုပြီး လှူသည့် အလေ့အထမှ တစ်ဆင့် ကျိုခြင်းနှင့် အဓိပ္ပာယ်ဆင်တူသော မွှေခြင်း၊ နှဲခြင်း၊ ထိုးခြင်းများ ပြုလုပ်၍ ကောက်ညှင်း ထမနဲချက်လုပ်ရာမှစ၍ ထမနဲဟု ခေါ်တွင်ခဲ့၏။ အချို့မှာ နှမ်းများ ပိုပိုသာသာ ထည့်သွင်းပြုလုပ်ခြင်းကြောင့် နှမ်းမနဲဟု လည်းခေါ်သည်။

**တပို့တွဲလနှင့် ထမနဲပွဲ**

တပို့တွဲလသည် ဆောင်းနှောင်းကာလဖြစ်၍ ခိုက်ခိုက်တုန်အောင် အေးလှသည်။ ထိုအအေးဒဏ်ကို ကာကွယ်ရန် အနွေးဓာတ်ရရှိစေရန် ထမနဲထိုးပွဲများကို အေးမြသော နှင်းမှုန်များကြားတွင် ပြုလုပ်လေ့ရှိ၏။

> **‘ကုံရာသီမာသ သဘာဝရှင်စွာ**
> **ထာဝစဉ်လာများ လှူငါချိမ့်သဲ။**
> **ညာဇမ္ဗူ သာစုခေါ်အောင်**
> **ယာဂုတော်ကျိုဆောင်သည့်ပွဲ’**

ဟု အစချီထားသော ‘တေးထပ်’အရ ကောက်ညှင်းဆန် (၄)ပြည်၊ ဆီ(၁)ပိဿာ၊ ချင်း (၃)ကျပ်သား၊ မြေပဲဆန် (၈၀)ကျပ်သား၊ နှမ်း (၃၂)ကျပ်သား၊ အုန်းသီးစိပ်(၂၀)ကျပ်သား၊ ဆား (၇)ကျပ်သား တို့ဖြင့် ဆီနိုင်နိုင်၊ နှမ်းနိုင်နိုင်၊ အုန်းသီးဆန်နိုင်နိုင် နှင့် ထမနဲထိုးရ၏။ တစ်ယောက်တစ်လက်ဖြင့် စုပေါင်း၍ ညီညာစွာ အားပြုထိုးနိုင်၊ ကြိတ်ချေနိုင်မှသာ ထမနဲသည် ရေရှည်အထားခံပြီး စားကောင်း၏။ ထမနဲကောင်းတို့မည်သည် တစ်ဇွန်း စားလိုက်သည်နှင့်ဆက်၍ စားလိုစိတ်ဖြစ်ပေါ်လေ့ရှိသည်။

**မဟာမုနိဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်**

ယခုအခါ ထမနဲထိုးပွဲများကို လမြတ်တပို့တွဲတွင် အပြိုင်ဆင်နွှဲပြုလုပ်လာကြ၏။ မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်တပို့တွဲလတွင် ကျင်းပလေ့ရှိသည်။ အမရပူရ နေပြည်တော်သို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး စတင်သီတင်းသုံးသော အချိန်မှစတင်ကာ တောင်ပေါ်ဒေသမှ တိုင်းရင်းသားများသည် ကောက်သစ်ဦးပေါ်ချိန် တပို့တွဲလခြေခင်း၊ လက်ခင်းသာချိန်တွင် မဟာမုနိဘုရားသို့ ဦးဦးဖျားဖျား ထမနဲဆွမ်းကပ်လှူခဲ့ကြသည်။ ထိုကဲ့သို့သော ကောင်းမွန်သည့် အစဉ်အလာကို ဆက်လက်ထိန်းသိမ်းခဲ့ရာ ယနေ့အချိန်ထိ တပို့တွဲလတိုင်း တောင်ပေါ်နေ တိုင်းရင်းသားများပါလာရောက်၍ ထမနဲဆွမ်း ကပ်လှူခြင်းနှင့်အတူ ထမနဲထိုးပြိုင်ပွဲများကိုပါ ကျင်းပလာခဲ့ကြသည်။

မန္တလေးမြို့ မဟာမုနိဘုရားကြီး အရှေ့(၄၅)တာကွင်းတွင် ညနေ ၃ နာရီဝန်းကျင်မှ စတင်၍ ထမနဲထိုးပြိုင်ပွဲများကို ကျင်းပပြုလုပ်ကြ၏။ ပြိုင်ပွဲဝင်များ၏ ထမနဲများကို ဘုရားကြီးတွင် ဦးဦးဖျားဖျား ကပ်လှူကြပြီး ပြိုင်ပွဲသို့ လာရောက်ကြည့်ရှုအားပေးသော ပရိသတ်များနှင့် ဘုရားဖူးဧည့်သည်များကို ပြိုင်ပွဲဝင်များ၏ လက်ရာ ထမနဲများဖြင့် စေတနာကျွေးမွေးဧည့်ခံခဲ့သည်။ ထို့အပြင် အကအလှများ၊ မြန်မာ့ရိုးရာခြင်းပွဲများ၊ ဈေးရောင်းပွဲများပါ ထည့်သွင်းပြုလုပ်ရာ လာရောက်ဆင်နွှဲသူများနှင့် အလွန်စည်ကားလှသည်။

**ထမနဲနှင့် ကျန်းမာရေး**

ထမနဲကို ကျန်းမာရေးနှင့်ပတ်သက်၍ မှတ်သားဖွယ်တစ်ခုမှာ ထမနဲတွင်ပါဝင်သော ပစ္စည်းများဖြစ်သည်။ ချင်းစိမ်း၊ ငရုတ်၊ ကြက်သွန်၊ နှမ်း စသည်တို့သည် ဘုရားရှင်၏ လေရောဂါကို ငြိမ်းအေးစေနိုင်ဟူသော တွေ့ရှိချက်အရ ထမနဲစားခြင်းဖြင့် လေနာရောဂါကို သက်သာစေနိုင်ခြင်း ဖြစ်သည်။

ထို့အပြင် ရာသီစာဖြစ်သော ထမနဲသည် အာဟာရဓာတ်ပေးစွမ်းနိုင်ပြီး အပူဓာတ်စာ ဖြစ်သောကြောင့် တပို့တွဲလ၏ အေးသောဒဏ်ကို အာကာအကွယ်ပေးနိုင်သကဲ့သို့ ဆီအိနေသော ထမနဲကို စားသုံးခြင်းဖြင့် အဆီခန်းခြောက်ခြင်းကိုလည်း ကာကွယ်မှုပေးစွမ်းနိုင်သည်။

မြန်မာနိုင်ငံသည် ဥတုသုံးလီရှိသည့်အနက် ကောက်စိုက်တောင်သူများသည် တစ်မိုးတွင်းလုံးနှင့် တစ်ဆောင်းတွင်းလုံး အအေးဒဏ်အောက်တွင် အလုပ်များကို လုပ်ကိုင်ခဲ့ကြ၏။ ဆောင်းကုန်လု နွေဦးရောက်ခါနီးချိန် စပ်ကူး မတ်ကူးကာလဖြစ်သော တပို့တွဲလပြည့်အချိန်ခါသည် ဓာတ်ကြီးလေးပါး ဖောက်ပြန်တတ်သောကြောင့် ဓာတ်ကြီးလေးပါး ညီညွတ်မျှတစေရန်အတွက် ဆေးဝါးဓာတ်စာအဖြစ် ကောက်သစ်ပေါ်ချိန်တွင် ထမနဲကို စားပေးသင့်ကြောင်း မင်းတုန်းမင်းကြီးလက်ထက် မြန်မာသမားတော်ကြီးများက ညွှန်းဆို အကြံပြုထားခဲ့ကြသည်။

အချုပ်အားဖြင့်ဆိုသော် နှင်းမှုန်ဝေသီ အေးမြသောကာလတွင် ထမနဲပွဲ ကျင်းပလေ့ရှိသော မြန်မာ့ဓလေ့သည် ပျော်စရာကောင်းလှသည်။

> ♦ တပို့တွဲလ ချမ်းလှသည်
> နှင်းစက်နှင်းမှုန်စီ၊
> ပေါက်ပန်းနီနီ ကြွေကာဝဲ
> ထိုးကြ ထမနဲ။
> ♦ ကောက်ညှင်း၊ ပဲဆီရောလို့မွှေ
> ဆားနည်းနည်း ကူလေ၊
> နှမ်း၊ မြေပဲ၊ ချင်း ရောကာထည့်
> အုန်းသီးစိပ်ကြော်နဲ့။
> ♦ ချင့်ချိန်ပါကွဲ့ ရေကိုသာ
> အနပ်ညီဖို့ရာ၊
> ဝိုင်းဝန်းလို့သာ အားကုန်နွှဲ
> ချွေးတွေ စိုလို့ရွှဲ။
> ♦ ရိုးရာပွဲမို့ တူပျော်ပျော်
> ပေါင်းသင်းစုံလို့နော်၊
> လာပါဖိတ်ခေါ် ပူပူနွေး
> စားလိုက်ကြစို့လေး။ ။

ဟု ကဗျာဆရာ‘ခက်ဆစ်ချို’၏ ‘ထမနဲပွဲ’ကဗျာလေးထဲကအတိုင်း အေးမြသာယာသော ဥတုတွင် အလှူဒါနပြုလုပ်ရန် စုပေါင်းထမနဲ ထိုးကြသည်ဖြစ်ရာ ထမနဲပွဲသည် ပေါင်းစည်းညီညွတ်ခြင်း၏ ပြယုဂ်တစ်ခုလည်းဖြစ်၏။အလှူရေစက်လက်နှင့်မကွာသော မြန်မာလူမျိုး၏ စေတနာကို ဖော်ပြသည့် သင်္ကေတလည်း ဖြစ်သောကြောင့် မြန်မာ့ရိုးရာ ထမနဲပွဲအကြောင်းကို ဂုဏ်ယူစွာ တင်ပြလိုက်ပါသည်။

**ကိုးကား –**
**မြန်မာ့ဆယ့်နှစ်လအကြောင်း–မောင်ထင်**
**မြန်မာ့ရာသီပွဲတော်များ – သာရဝေါ်စိုးကြည်**
**ဗုဒ္ဓဘာသာမြန်မာဓလေ့ဆယ့်နှစ်လရာသီပွဲတော်– အရှင်သံဝရာလင်္ကာရ**

ခိုင်ခန့်(အမရပူရ)

# အမေရိကန်နှင့် ဆွေးနွေးမည့် အစီအစဉ်များနှင့်ပတ်သက်၍ အီရန်ခေါင်းဆောင်ကြီး အယာတိုလာအလီခါမေနီ သတိပေး



**တီဟီရန် ဖေဖော်ဝါရီ ၉**

အမေရိကန်ပြည်ထောင်စုက အီရန်နိုင်ငံ၏ ရေနံလုပ်ငန်းကို ပိတ်ဆို့အရေးယူမှုများ ပြုလုပ်သည့်အတွက် ပြင်းပြင်းထန်ထန် ဝေဖန်ပြောဆိုခဲ့ပြီး အီရန်ခေါင်းဆောင်ကြီး အယာတိုလာအလီခါမေနီက အမေရိကန်နှင့် ဆွေးနွေးမည့် အစီအစဉ်များနှင့်ပတ်သက်၍ သတိပေးလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အီရန်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက သောကြာနေ့တွင် ပိတ်ဆို့အရေးယူမှုများကို "တရားမဝင်ပါ"ဟု ရှုတ်ချပြောဆိုခဲ့ကြောင်း တရားဝင် IRAN သတင်းဌာနက ဖော်ပြခဲ့သည်။

အမေရိကန်နှင့် ဆွေးနွေးမည့် အစီအစဉ်သည် "ဉာဏ်ပညာရှိသည့်၊ ပညာရှိသည့် သို့မဟုတ် ဂုဏ်သိက္ခာရှိသည့် လုပ်ရပ်မဟုတ်ပါ"ဟု ၎င်းက ထုတ်ဖော်ပြောကြားသည်။

"အီရန်နိုင်ငံအနေဖြင့် ၎င်း၏စီးပွားရေးလုပ်ဖော်ကိုင်ဖက်များနှင့် တရားဝင်ကုန်သွယ်မှုများ ဆောင်ရွက်ခြင်းကို တားဆီးခြင်းဖြင့် အီရန်ပြည်သူများအပေါ် ဖိအားပေးရန် အမေရိကန်၏ စီမံချက်သည် တရားမဝင်သော လုပ်ရပ်ဖြစ်သည်"ဟု ပြောရေးဆိုခွင့်ရှိသူ အက်စမေးလ်ဘာဂါအီက ထောက်ပြဝေဖန်လိုက်ကြောင်း သိရသည်။ **Mon**



# အွန်လိုင်းစိန်ခေါ်ပွဲ၌ ကလေးများ သေဆုံးခဲ့သည်ဟု ဆိုကာ တစ်တော့လူမှုကွန်ရက်ကို အမေရိကန်၌ တရားစွဲဆို

**ဝါရှင်တန် ဖေဖော်ဝါရီ ၉**

၂၀၂၂ ခုနှစ်တွင် တစ်တော့ပေါ်၌ပျံ့နှံ့ခဲ့သည့် လည်ပင်းညှစ်ခံပြီး အသက်အောင့်သည့် အွန်လိုင်းစိန်ခေါ်ပွဲ၌ ပါဝင်ပြီးနောက် မိမိတို့၏ကလေးများ သေဆုံးခဲ့သည်ဟု နှစ်နာသူမိဘများက ယူဆကာ အမေရိကန်ပြည်ထောင်စုတွင် မကြာသေးမီက တစ်တော့လူမှုကွန်ရက်ကို တရားစွဲလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အသက် ၁၃ နှစ်အရွယ် အိုက်ဇက်ကေနေဗန်၊ အသက် ၁၂ နှစ်အရွယ် အာချီဘတ်တားစ်ဘီး၊ အသက် ၁၄ နှစ်အရွယ် ဂျူလီယန်ဂျူးလ်စ်ဆွီနေးနှင့် အသက် ၁၃ နှစ်အရွယ် မိုင်ရာဝဲလ်ရှ်တို့သည် ထိုစိန်ခေါ်ပွဲ၌ ပါဝင်နေစဉ် သေဆုံးခဲ့သည်ဟု အမေရိကန်ပြည်ထောင်စု ဒီလာဝဲပြည်နယ် တရားရုံး၌ တရားစွဲတင်ထားသည်။

ထိခိုက်နစ်နာသူ မိဘများကိုယ်စား အမေရိကန်အခြေစိုက် လူမှုကွန်ရက်ကြောင့် ထိခိုက်နစ်နာသူများအရေး ဥပဒေညှိနှိုင်းရေးဌာနက ထိုတရားစွဲဆိုမှုကို တင်သွင်းခဲ့ခြင်းဖြစ်သည်။

တရားစွဲဆိုမှုတွင် အဆိုပါမိဘများက တစ်တော့အနေဖြင့် ကြီးမားသော ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ဖြစ်စေနိုင်သည့် အန္တရာယ်ရှိသောအကြောင်းအရာများကို မပြသရန် သို့မဟုတ် မကြော်ငြာရန် ထောက်ပြခဲ့ကြောင်း သိရသည်။ **Mon**

# နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုများအတွက် ကနေဒါနှင့် ဖိလစ်ပိုင် အပြီးသတ်ညှိနှိုင်းဆွေးနွေးနေ

**မနီလာ ဖေဖော်ဝါရီ ၉**

ကနေဒါနှင့် ဖိလစ်ပိုင်နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုများအတွက် အမိကသံတမန်ရေးဆိုင်ရာ သဘောတူညီမှုတစ်ခုပေါ်ထွက်လာစေရန်အလို့ငှာ အပြီးသတ်ညှိနှိုင်းဆွေးနွေးနေပြီဖြစ်သည်ဟု မနီလာမြို့တော်ရှိ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ ကနေဒါသံအမတ်ဒေးဗစ်ဟတ်မန်းက ဖေဖော်ဝါရီ ၉ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ကနေဒါသည် အိန္ဒိယ-ပစိဖိတ်ဒေသရှိ ၎င်း၏စစ်ရေးတပ်ဖွဲ့သေတ္တာကို ခိုင်မာစေရန် အားထုတ်ဆောင်ရွက်နေပြီး ဥပဒေရေးရာစံနှုန်းများကို မြှင့်တင်ရေးနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို တိုးချဲ့ရန်လည်း အတည်ပြုသည်။

ထိုကဲ့သို့သော ကြိုးပမ်းမှုများသည် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာ၏ ဦးဆောင်မှုဖြင့် မိတ်ဖက်နိုင်ငံများနှင့် စစ်ရေးဆိုင်ရာ ချိတ်ဆက်မှုများကို တိုးချဲ့ရန် အားထုတ်နေသော လှုပ်ရှားမှုနှင့် ကိုက်ညီကြောင်း သိရသည်။ **Mon**






# ကာရစ်ဘီယန်ပင်လယ် အင်အားပြင်းမြေငလျင်နောက်ဆက်တွဲ ဆူနာမီသတိပေးချက်များကို ရုပ်သိမ်းလိုက်ပြီဟု ဆို

**ဝါရှင်တန် ဖေဖော်ဝါရီ ၉**

ကာရစ်ဘီယန်ပင်လယ်ရေပိုင်နက်အတွင်း ဖေဖော်ဝါရီ ၈ ရက်က ဖြစ်ပွားသော အင်အားပြင်းမြေငလျင်ကြောင့် ထုတ်ပြန်ခဲ့သော ဆူနာမီသတိပေးချက်များကို ရုပ်သိမ်းလိုက်ပြီဟု အမေရိကန်ဘူမိဗေဒစစ်တမ်းဌာနက အတည်ပြုလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုနေ့ညပိုင်းက လှုပ်ရှားခဲ့သော ငလျင်၏ ဗဟိုချက်မှာ ဟွန်ဒူးရပ်စ်နိုင်ငံ၏ မြောက်ဘက် မိုင် ၂၀ (၃၂ ဒသမ ၁ ကီလိုမီတာ)နှင့် ကေမန်ကျွန်းစု၏ အနောက်တောင်ဘက် မိုင် ၁၃၀ (၂၀၉ ဒသမ ၂ ကီလိုမီတာ) အကွာတွင် ရှိခဲ့ကြောင်း အဆိုပါဌာနက ထုတ်ပြန်ကြေညာသည်။

အမေရိကန် ဆူနာမီသတိပေးစနစ်က ကနဦးတွင် ဆူနာမီလှိုင်းများ ၃ မီတာ(၁၀ ပေ)အထိ မြင့်တက်နိုင်သည်ဟု နိုင်ငံပေါင်း တစ်ဒါဇင်ကျော်သို့ သတိပေးချက်ထုတ်ပြန်ခဲ့သော်လည်း နောက်ဆုံးရသတင်းများအရ ဆူနာမီအန္တရာယ် ကျော်လွန်သွားပြီဖြစ်ကြောင်း သိရသည်။ **Mon**



ဟားမတ်စ်ဘက်မှ လွှတ်ပေးလိုက်သော ထိုင်းလယ်လုပ်သား ငါးဦး ဖေဖော်ဝါရီ ၉ ရက်က ဌာနေပြန်ရောက်လာကြရာ သုဝဏ္ဏဘူမိအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လုပ်သားတစ်ဦးကို ၎င်း၏ဖခင်က ပွေ့ဖက်ကြိုဆိုနေစဉ်။ **Mon**



# အစ္စရေးဘက်က ပြုလုပ်သော လေကြောင်းတိုက်ခိုက်မှုကြောင့် လက်ဘနွန်အရှေ့ပိုင်း၌ လူခြောက်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

**ဘေရွတ် ဖေဖော်ဝါရီ ၉**

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာ ပြောက်ကျားအဖွဲ့အကြား ပြေလည်မှုမရှိသေးသည့် စစ်ပြေငြိမ်းရေးအတွင်း အစ္စရေးဘက်က ဖေဖော်ဝါရီ ၈ ရက်တွင် ပြုလုပ်သော လေကြောင်းတိုက်ခိုက်မှုကြောင့် လက်ဘနွန်အရှေ့ပိုင်းတွင် လူခြောက်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဘီကားဒေသအရှေ့ပိုင်း ဂျင်နာတာမြို့အနီးရှိ ရှာရာဒေသအတွင်း၌ အစ္စရေးတပ်ဖွဲ့က ဒရုန်းတစ်စင်းကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဟစ်ဇ်ဘိုလာတို့ လုပ်ဆောင်နေသည့် မဟာဗျူဟာမြောက် လက်နက်များထုတ်လုပ်ရေးနှင့် သိုလှောင်ရေးနေရာတစ်ခုအတွင်း တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု အစ္စရေးတပ်မတော်က သတင်းထုတ်ပြန်သည်။

ယမန်နှစ် နိုဝင်ဘာ ၂၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည့် စစ်ပြေငြိမ်းရေးသဘောတူညီချက်သည် ဇန်နဝါရီ ၂၆ ရက်တွင် ကုန်ဆုံးခဲ့ပြီဖြစ်သော်လည်း အစ္စရေးသည် လက်ဘနွန်မှ သဘောတူညီချက်ကို အပြည့်အဝ အကောင်အထည် မဖော်ခဲ့ဟုဆိုကာ ၎င်း၏တပ်များကို လက်ဘနွန်တောင်ပိုင်းမှ မရုပ်သိမ်းဘဲ နှောင့်နှေးနေဆဲဖြစ်ကြောင်း သိရသည်။ **Mon**

# စီချွမ်ပြည်နယ်၌ မြေပြိုမှုဖြစ်ပွားပြီးနောက် ပျောက်ဆုံးနေသူ ၃၀ ကျော်ကို ဆက်လက်ရှာဖွေ

**ပေကျင်း ဖေဖော်ဝါရီ ၉**

တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ စီချွမ်ပြည်နယ်၌ မြေပြိုမှုဖြစ်ပွားပြီးနောက် ပျောက်ဆုံးနေသူ ၃၀ ကျော်ကို ဖေဖော်ဝါရီ ၉ ရက်က ဆက်လက်ရှာဖွေလျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယင်းမြေပြိုမှုသည် ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းတွင် ယီဘင်မြို့၊ ဂျင်းပင်ရွာ၌ ဖြစ်ပွားခဲ့ကြောင်း ပြည်နယ်သတင်းဌာနက ထုတ်ပြန်ကြေညာသည်။ မြေပြိုကျမှုအောက်တွင် နစ်မြုပ်သွားသော အိမ် ၁၀ အိမ်ခန့်ရှိပြီး လူအတော်များများ မတွေ့ရသေးဘဲ ဆက်လက်အန္တရာယ်ရှိနေဆဲဖြစ်သည်ဟု အာဏာပိုင်များက ဖော်ပြသည်။



အရေးပေါ်စီမံခန့်ခွဲမှုဝန်ကြီးဌာနက လူနှစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး လူ ၂၀၀ ကို ရွှေ့ပြောင်းပေးနိုင်ခဲ့ကြောင်း ထုတ်ပြန်သည်။ အသက်ရှင်သောသူများကို ရှာဖွေရန် ကယ်ဆယ်ရေးအဖွဲ့များနေရာတွင်ရှိနေကြောင်း ထပ်မံဖော်ပြသည်။ ဖြစ်လာနိုင်သည့် ဘေးအန္တရာယ်များကို ဆက်လက်စစ်ဆေးရန်နှင့်လေ့လာရန် ဝန်ကြီးချုပ် လီချန်းက တာဝန်ရှိသူများကို မှာကြားသည်။

ဒေသအာဏာပိုင်များအနေဖြင့် ပျောက်ဆုံးနေသူများကို အမြန်ဆုံးရှာဖွေရန်နှင့် ထိခိုက်သေဆုံးမှုမဖြစ်စေရန် အားလုံးတတ်နိုင်သမျှ လုပ်ဆောင်ရန် သမ္မတ ရှီကျင့်ဖျင်ကလည်း ညွှန်ကြားခဲ့ကြောင်း သိရသည်။ **Mon**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## စီမံရေးရာဌာန(အနေးယာဉ်ဌာနခွဲ)

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက်(ဆိုက္ကား၊ မြင်းလှည်း)များ လိုင်စင်သက်တမ်းတိုး လဲလှယ်မှုလုပ်ငန်းအား ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီ (၁၇)ရက်မှစတင်၍ (စနေ၊ တနင်္ဂနွေနှင့် ရုံးပိတ်ရက်များမပါ) နေ့စဉ် နံနက် (၉)နာရီမှ နေ့လည် (၁၃း၀၀)နာရီအချိန်ထိ အနေးယာဉ်ဌာနခွဲရုံး၊ ၃၅လမ်းနှင့်၇၁လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်တွင် ပြုလုပ်ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၂။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အနေးယာဉ်များ လိုင်စင်သက်တမ်းတိုး လဲလှယ်မှု အစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စဉ် | ဆောင်ရွက်မည့်မြို့နယ် | စစ်ဆေးမည့်ရက် | | စစ်ဆေးမည့်နေရာ |
|---|---|---|---|---|
| (က) | အောင်မြေသာစံမြို့နယ် | ၁၇-၂-၂၀၂၅ မှ | ၁၉-၂-၂၀၂၅ ထိ | အနေးယာဉ်ဌာနခွဲရုံး ၃၅လမ်းနှင့်၇၁လမ်းထောင့်၊ မဟာအောင်မြေမြို့နယ် |
| (ခ) | ချမ်းအေးသာစံမြို့နယ် | ၂၀-၂-၂၀၂၅ မှ | ၂၄-၂-၂၀၂၅ ထိ | |
| (ဂ) | မဟာအောင်မြေမြို့နယ် | ၂၅-၂-၂၀၂၅ မှ | ၂၇-၂-၂၀၂၅ ထိ | |
| (ဃ) | ချမ်းမြသာစည်မြို့နယ် | ၂၈-၂-၂၀၂၅ မှ | ၄-၃-၂၀၂၅ ထိ | |
| (င) | ပြည်ကြီးတံခွန်မြို့နယ် | ၅-၃-၂၀၂၅ မှ | ၇-၃-၂၀၂၅ ထိ | |
| (စ) | အမရပူရမြို့နယ် | ၁၀-၃-၂၀၂၅၊ ၁၁-၃-၂၀၂၅ မှ | ၁၇-၃-၂၀၂၅ ထိ | |
| (ဆ) | (၆)မြို့နယ် (လက်ကျန်ရှင်း) | ၁၈-၃-၂၀၂၅ မှ | ၂၁-၃-၂၀၂၅ ထိ | |

## အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်များနှင့် သားသတ်လုပ်ငန်းလိုင်စင်များ လေလံတင်ရောင်းချ

**ရပ်စောက် ဖေဖော်ဝါရီ ၉**

ရပ်စောက်မြို့နယ်နှင့် အင်တောမြို့နယ်ခွဲ စည်ပင်သာယာရေးဌာနတို့၏ ၂၀၂၅-၂၀၂၆ ခုဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်နှင့် သားသတ်လုပ်ငန်းလိုင်စင်များကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီတွင် ရဿဝတီခန်းမ၌ လေလံတင်ရောင်းချရာ အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင် ၂၉ ခုအနက် ၂၇ ခုကို ငွေကျပ် ၁၆၇၃ သိန်းဖြင့် လည်းကောင်း၊ သားသတ်လုပ်ငန်းလိုင်စင် ၂၂ ခုကို ငွေကျပ် ၂၈၄၉ သိန်းဖြင့် လည်းကောင်း၊ စုစုပေါင်း လေလံကြေး ငွေကျပ် ၄၅၂၂ သိန်းဖြင့် ဈေးပြိုင်လေလံတင်ရောင်းချခဲ့သည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် လေလံကြီးကြပ်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မိုးထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်လေလံရောင်းချရေးကြီးကြပ်မှုအဖွဲ့ အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်လေလံရောင်းချရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊လိုင်စင်စီများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ပြီး အောင်မြင်စွာ ရောင်းချပြီးစီးခဲ့ပါကြောင်း သိရသည်။

(အောက်ပုံ)

(ကဆ)



## မီးဘေးအန္တရာယ် ကင်းဝေးစေရန် စက်သုံးဆီအရောင်းဆိုင်များအား စစ်ဆေး

**ရေနံချောင်း ဖေဖော်ဝါရီ ၉**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်အတွင်း မီးဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် ရေနံချောင်းမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးလုံခြုံမှုရှိစေရေး စစ်ဆေးခြင်းကို ယမန်နေ့ နံနက်က ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနက သိရသည်။ **(ယာပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် ရေနံချောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်လမ်းဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများဖြင့် ပူးပေါင်းပြီး စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးလုံခြုံမှုရှိစေရေး စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၄၇၂)

| အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၁)အနိုင်၊ အရှုံး | NGB | | |
|---|---|---|---|
| ဘရစ္စတိုး | ၀ - ၁ | ဆွမ်ဆီး | |

| ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၁)အနိုင်၊ အရှုံး | NGB | |
|---|---|---|
| လိုင်ယွန် | ၄ - ၀ | ရမ်းစ် |



| အင်္ဂလိပ် အက်ဖ်အေဖလား(စတုတ္ထအဆင့်)အနိုင်၊ အရှုံး | NGB | |
|---|---|---|
| ဘလက်ဘန်း | ၀ - ၂ | ဝုဖ် |
| ပလိုင်းမောက် | ၁ - ၀ | လီဗာပူး |

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၄)အနိုင်၊ အရှုံး | NGB | |
|---|---|---|
| ပင်းနစ်ဇီးယား | ၀ - ၁ | ရိုးမား |
| ကယ်ဂလီယာရီ | ၂ - ၁ | ပါးမား |
| လာဇီယို | ၅ - ၁ | မွန်ဇာ |

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၁)အနိုင်၊ အရှုံး | NGB | |
|---|---|---|
| ဟော့ဖ်စတိုင်း | ၂ - ၂ | ဘိုချမ် |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၃)အနိုင်၊ အရှုံး | NGB | |
|---|---|---|
| အလာဗက်စ် | ၀ - ၁ | ဂီတာဖေး |
| ဗယ်လီယာ | ၂ - ၀ | လီဂါနက်စ် |

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

### အမှုဖွင့်လှစ်အရေးယူ

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Tun Tun Win” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အောင်မြေသာစံရပ်ကွက်နေ ထွန်းထွန်းဝင်း(ခ) စာဂဲလ်ကူးမားအား နံနက်၉နာရီမိနစ်၂၀တွင်အောင်မြေသာစံမြို့နယ် အမှတ်(၅) နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ကန့်ဘလူမြို့တွင် ယောက်ျားလေးသုံးမြွှာပူး မွေးဖွား

**စစ်ကိုင်း ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့၊ ခုတင် ၁၀၀ ပြည်သူ့ဆေးရုံတွင် ဖေဖော်ဝါရီ ၆ ရက် (ကြာသပတေးနေ့) ည ၈ နာရီခန့်က သုံးမြွှာပူးကလေးငယ်များကို အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးခဲ့ကြောင်း ခုတင် ၁၀၀ ဆေးရုံအုပ် ဒေါက်တာ နေမိုးထံမှ သိရသည်။

ယခင်က ကန့်ဘလူမြို့ဆေးရုံတွင် ယခုလို သုံးမြွှာပူးကလေး ခွဲစိတ်မွေးဖွားခြင်းမျိုး မရှိခဲ့ဘူးကြောင်း သိရသည်။

ကန့်ဘလူမြို့ဆေးရုံ ကလေးမွေးဖွားဆောင်တွင် မွေးဖွားခဲ့သည့် သုံးမြွှာပူးကို ကျွန်းလှမြို့နယ် ကျိုက်ကုန်းကျေးရွာမှ ဒေါ်ချောစုမွန် (၂၄)နှစ်ကို သားဖွားမီးယပ်အထူးကု ဒေါက်တာ ခင်သီတာကျော်ရင် ဦးဆောင်၍ ကျန်းမာရေး ဝန်ထမ်းများက အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးခဲ့ခြင်း ဖြစ်သည်။

သုံးမြွှာပူးယောက်ျားကလေးများနှင့် မိခင်ဒေါ်ချောစုမွန်တို့အားလုံးသည် ကျန်းမာလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)(၃၉၄)

## အောင်မြေသာစံမြို့နယ်တွင် မြေပြင်လူဦးရေစာရင်း ကွင်းဆင်းစိစစ်မှုများ ဆောင်ရွက်

**မန္တလေး ဖေဖော်ဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်မြို့နယ်မြေပြင်လူဦးရေစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီက မြို့နယ်အတွင်းရှိ လူဦးရေစာရင်းမှန်ကန်စေရေး၊ မြေပြင်ကွင်းဆင်း စာရင်းစိစစ်မှုများကို ဖေဖော်ဝါရီ ၃ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၇ရက် နံနက်ပိုင်းက ပြည်ကြီးကျက်သရေ(အနောက်)ရပ်ကွက်တွင် ကွင်းဆင်းဆောင်ရွက်ကြသည်။ **(အောက်ယာပုံ)**

မြေပြင်ကွင်းဆင်း ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးသိန်းလွင်၊ မြို့နယ်မြေပြင်စာရင်းကောက်ယူရေး ကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အကွက်တာဝန်ခံများက အိမ်ထောင်စုအမှတ်စဉ်နှင့် မိသားစုအမှတ်စဉ်များကို နေရပ်လိပ်စာအတိုင်း၊နေထိုင်ခြင်း ရှိ၊ မရှိ စာရင်းပြုစုခြင်း၊ သေဆုံးစာရင်းများ အတည်ပြုခြင်း၊ စာရင်းရှိသော်လည်း မြေပြင်တွင် နေထိုင်မှုမရှိသူများနှင့် စာရင်းမရှိ နေထိုင်သူများ စာရင်းပြုခြင်း၊ မည်သည့်လက်မှတ်မျှကိုင်ဆောင်ခြင်းမရှိသူများ၊ အိမ်ထောင်စုစာရင်းမရှိသူများအား စိစစ်၍ အိမ်ထောင်စုစာရင်းနှင့် ကိုင်ဆောင်လက်မှတ်တစ်ခုခု ရရှိစေရေးတို့ကို ကွင်းဆင်းဆောင်ရွက်ကြရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဆွေ၊အဖွဲ့ဝင် ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှူး ဦးသန်းထွန်းအောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်နှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။(၀၉၃)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူ...

❖ စာတတ်ပြီး စာမဖတ်သည့်သူမှာ ရပ်နေသည့်လူနှင့်တူ...

❖ စာတတ်ပြီး စာလည်းဖတ်သည့်သူမှာတော့ လမ်းလျှောက်နေသည့်သူနှင့်တူ...

❖ လူငယ်များအပါအဝင် ပြည်သူများ စာဖတ်ကြစေရန် မိမိတို့အားပေးကြရမည်ဖြစ်...

❖ စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်များ ဖန်တီးပေးကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ/တပ်ရင်းတပ်ဖွဲ့ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး Gurudev Sri Sri Ravi Shankar ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေး သံတမန်ကြီး Gurudev Sri Sri Ravi Shankar ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေး သံတမန်ကြီး Gurudev Sri Sri Ravi Shankar တို့က မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ဂုရုကြီး၏ နိုင်ငံတကာပဋိပက္ခများတွင် ညှိနှိုင်းပေးခဲ့သည့် ငြိမ်းချမ်းရေးအတွေ့အကြုံများ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ အဓိကအရေးကြီးသည့် ယုံကြည်မှုတည်ဆောက်ခြင်းဆိုင်ရာကိစ္စများ၊ ပဋိပက္ခပါတီများအကြား အပြန်အလှန်ညှိနှိုင်းပြောဆိုမှုနှင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ယုံကြည်မှုတိုးပွားစေရေးဆိုင်ရာကိစ္စရပ်များ၊ ပဋိပက္ခကြောင့် အားလုံးဒုက္ခရောက်ကြရပြီး တစ်ဖက်နှင့်တစ်ဖက် အပြစ်




တင်ခြင်းထက် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်းရေးရရှိနိုင်ရေး ဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ လူသားချင်းစာနာ ထောက်ထားမှုအကူအညီပေးရေး ဆိုင်ရာကိစ္စရပ်များအား ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## သစ္စာအားမာန်ကို အနိုင်ယူကာ ဒုတိယမြောက် နိုင်ပွဲရခဲ့သည့် ရခိုင်ယူနိုက်တက်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကစားခဲ့သည့် သစ္စာအားမာန်အသင်းနှင့် ရခိုင်ယူနိုက်တက်တို့ပွဲတွင် ရခိုင်ယူနိုက်တက်အသင်းက သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရခိုင်ယူနိုက်တက်အသင်းသည် ယနေ့ပွဲတွင် ပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ရာကြောင့် အဓိကကစားသမားအများစု မပါနိုင်သော်လည်း ရလဒ်ကောင်းရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ရခိုင်ယူနိုက်တက်အသင်းသည် ယနေ့နိုင်ပွဲကြောင့် ရမှတ် ၁၀ မှတ်ဖြင့် အဆင့် ၁၁ တွင် ဆက်လက်ရပ်တည်ခဲ့သည်။

ယနေ့ပွဲတွင် ရှုံးခဲ့သည့် သစ္စာအားမာန်အသင်းသည် ဧရာဝတီယူနိုက်တက်အသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက်ကြောင့် အဆင့် ၉ နေရာတွင် ရပ်တည်နေကြောင်း သိရသည်။

(NGB)